# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း(မူကြမ်း)

## ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
## ( ၂၀၁၁ ခုနှစ် ၊ ဩဂုတ်လ ၂၆ ရက် )
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်** ၊၁၀ း ၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး ပဥ္စမနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၃၈၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်းရဲ့ ၉၇.၇၂ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်** ။၁၀ း ၀၇။

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးပြည့်မောင်(မတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မတ္တရာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် ဖြစ်ပါသည်။ မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေးမှာ ၎င်း၏ဇနီးမှာ ကင်ဆာရောဂါဖြစ်ပွားနေပါသဖြင့် စင်္ကာပူနိုင်ငံမှာ ဆေးဝါးကုသမှုခံယူရနေပါတယ်။ ယခုလည်း လာမယ့် ၂ ရက်နေ့ ၉ လပိုင်း ၂၀၁၁ ရက်နေ့မှာ ဇနီးဖြစ်သူ စင်္ကာပူနိုင်ငံသို့ ဆေးပြန်လည်စစ်ဆေးဖို့ခံယူရန်သွားရောက်မှာဖြစ်တဲ့အတွက် သွားရောက်တဲ့ခရီးစဉ်အတွက် ဦးဘဌေးကိုယ်တိုင်လိုအပ်သော ပံ့ပိုးကူညီဆောင်ရွက်မှုများပြုလုပ်ပေး နိုင်ရန်အတွက် ယနေ့ ၂၆-၈-၂၀၁၁ ရက်နေ့မှ ၂၉-၈-၂၀၁၁ ရက်နေ့အထိ ခွင့်ပေးပါနိုင်ရန် ဦးဘဌေး ကိုယ်စားတင်ပြအပ်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၉။**

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြားပြီး လွှတ်တော်က ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူပေါင်း ၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ကအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အလုပ်သမားလူငယ်များ လူကုန်ကူးမှုခံနေရခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ဖြစ်ပါတယ်။

ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရန်ကုန်မြို့ရှိပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခု၏ ဆောင်ရွက်မှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံသို့ထွက်ခွာသွားခဲ့သော သဃ်န်းကျွန်းမြို့နယ်မှ လူငယ်လုပ်သား(၂၆)ဦးသည် အလုပ်အကိုင်အတည်တကျရရှိမှုမရှိဘဲ သူဌေးတစ်ဦးထံရောင်းစားခံခဲ့ရပြီး နိုင်ငံကူးလက်မှတ်ကိုသိမ်းဆည်းထားသည့်အပြင် အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်ခံနေရကြောင်း အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ အကူအညီ တောင်းစာများအရ သိရှိခဲ့ရပါသည်။ ယင်းသို့ လူကုန်ကူးရောင်းချမှုကို ပြည်ထောင်စုအစိုးရအနေဖြင့် သိပါသလား။ သိပါက ၎င်းတို့ရင်ဆိုင်နေရသောပြဿနာကို မည်ကဲ့သို့ဆောင်ရွက်ပေးမည်နည်း။ မသိပါက အမြန်ဆုံးကယ်တင်နိုင်ရေး မည်သို့ဆောင်ရွက်ပေးပါမည်နည်း။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊အလုပ်သမားဝန်ကြီးဌာန)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် မေးမြန်းတဲ့ကိစ္စနဲ့စပ်လျဉ်းပြီးတော့မှ ရှင်းလင်းဖြေကြားသွားလိုပါတယ်။ အလုပ်သမားဝန်ကြီးဌာန အနေနဲ့ ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်ရာ တရားဝင်လမ်းကြောင်းဖွင့်ပေးထားပါတယ်။ ယင်းကဲ့သို့ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများကိုလည်း ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်များထုတ်ပေးထားပါတယ်။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရကုမ္ပဏီများလိုက်နာဆောင်ရွက်ရန်အတွက် စည်းကမ်းချက်များကိုလည်းထုတ်ပြန်ထားပါတယ်။ ပြည်ပသို့ အလုပ်သမားစေလွှတ်မည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်စေလွှတ်ရပါတယ်။ ဦးသိန်းညွန့်တင်ပြခဲ့တဲ့ လူငယ်(၂၆)ဦး ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအလုပ်သမားများက ဆော်ဒီအာရေဗျနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကိုတိုင်ကြားခဲ့ကြပါတယ်။ မြန်မာသံအမတ်ကြီးကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့လိပ်မူပြီးတော့ တိုင်ကြားစာမိတ္တူကို ၂၇-၃-၂၀၁၁ ရက်နေ့မှာ အလုပ်သမားဝန်ကြီးဌာနသို့ပေးပို့ခဲ့ပါတယ်။

ထိုအချိန်အခါကျမှ မိမိတို့ဝန်ကြီးဌာနက သိရှိရခြင်းဖြစ်ပါတယ်။ ယင်းတိုင်ကြားစာအရ စစ်ဆေးလိုက်တဲ့အခါမှာ ပြည်ပအလုပ်အကိုင်လိုင်စင်မရှိတဲ့ Jobs Agency Company Limited ယခင်ကတည်းက စည်းကမ်းဖောက်ဖျက်ခဲ့၍ Black List အဖြစ်စာရင်းသွင်းခဲ့ပြီး လိုင်စင်ရုပ်သိမ်းခြင်း

ခံရတဲ့ Golden Arm Company Limited ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရှိနေသော Vertex Palace Company Limited တို့ပါဝင်ကြောင်းတွေ့ရှိရပါတယ်။ ယင်းကုမ္ပဏီ (၃)ခုစလုံးသည် အလုပ်သမားဝန်ကြီးဌာနသို့ အလုပ်ကမ်းလှမ်းလွှာ တင်ပြတောင်းခံခြင်းမရှိဘဲ ဥပဒေမဲ့စေလွှတ်ခဲ့သည့်အတွက် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ Agency ဖြစ်သည့် Vertex Palace Company Limited ကို လိုင်စင်ရုပ်သိမ်းခဲ့ပြီး ယင်းကုမ္ပဏီအပါအဝင် Jobs Agency နဲ့ Golden Arm Company Limited တို့ကို ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ အရေးယူရန်အတွက် ၂၂-၇-၂၀၁၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမှုတွဲလွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း အဆိုပါတိုင်ကြားစာအရ စုံစမ်းဖော်ထုတ်ခဲ့ရာ ဦးကျော်မြင့်(ခ)ဂျော့စ်(အဖ)ဦးမောင်မောင်အား ပြည်ပအလုပ်အကိုင်လိုင်စင်မရှိဘဲ ပြည်ပသို့အလုပ်လုပ်ကိုင်ရန် စေလွှတ်ကြောင်းပေါ်ပေါက်သဖြင့် ယင်းအား ၁၀-၈-၂၀၁၁ ရက်နေ့တွင် ဗိုလ်တထောင်ရဲစခန်းမှ (ပ)၁၁၂/၂၀၁၁ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ ဖမ်းဆီးအမှုဖွင့်ပြီး အရေးယူထားပြီးစစ်ဆေးလျက်ရှိပါတယ်။ သက်သေအထောက်အထားများအရ ညှင်းပန်းနှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ အဓမ္မခိုင်းစေခြင်းများပြုလုပ်ကြောင်းစစ်ဆေးပေါ်ပေါက်ပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့်အရေးယူရန် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာနသို့ ဆော်ဒီအာရေဗျနိုင်ငံက အလုပ်သမားရလိုကြောင်း ကိုယ်စားလှယ်တစ်ဖွဲ့လာရောက်၍ ကမ်းလှမ်းမှုတစ်ကြိမ်ရှိခဲ့သော်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ၎င်းနိုင်ငံ၏စည်းမျဉ်းဥပဒေများအပေါ်လေ့လာသုံးသပ်လိုသေးသဖြင့် နှစ်နိုင်ငံသဘောတူညီချက်စာချုပ် Bi-Lateral Agreement ကိုချုပ်ဆိုထားခြင်းမရှိပါဘူး။ ၎င်းနိုင်ငံနှင့်အလုပ်လုပ်ရန် မည်သည့်အလုပ်သမား တစ်ဦးတစ်ယောက်ကိုမျှ ဤဝန်ကြီးဌာနက ခွင့်ပြုစေလွှတ်ခဲ့ခြင်းလည်းမရှိတဲ့အပြင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်ရ Agency အားလုံးသို့ သတိပေးတားမြစ်သည့်အကြောင်းကြားစာများကိုလည်းပဲ ၂၇-၈-၂၀၁၀ ရက်နေ့တွင်တစ်ကြိမ်၊ ၁-၆-၂၀၁၁ ရက်နေ့တွင်တစ်ကြိမ်ထုတ်ပြန်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံရုံးသို့တိုင်ကြားခဲ့သည့် အလုပ်သမား (၂၆)ဦး ကိစ္စနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျနိုင်ငံရှိ မြန်မာသံအမတ်ကြီးအနေဖြင့် မြန်မာနိုင်ငံသို့ အလုပ်သမားများပြန်လည်ခေါ်ဆောင်ပေးနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။ သို့ရာတွင် ဆော်ဒီအာရေဗျနိုင်ငံ အလုပ်သမားဥပဒေ ပုဒ်မ ၄၀ တွင် ဆော်ဒီနိုင်ငံသားမဟုတ်သည့် အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်ရွှေ့ပြောင်းခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့နှင့်ပတ်သက်၍ အလုပ်သမား

သည် အလုပ်ဆက်လက်လုပ်ကိုင်ရန်ဆန္ဒမရှိ၍ မိခင်နိုင်ငံသို့ပြန်လိုပါက ကုန်ကျစရိတ်အားလုံးကို အလုပ်သမားကသာကျခံရမည်ဟူ၍ ဖော်ပြထားခြင်း၊ အလုပ်ရှင်နှင့်အလုပ်သမားသဘောတူညီချက် စာချုပ်တွင် အစမ်းခန့်ကာလ (၃)လအတွင်း အလုပ်သမားသည်စာချုပ်ပြီးစီးအောင် လုပ်ကိုင် လိုသောဆန္ဒမရှိပါက စာချုပ်ပါအတိုင်း အသွားအပြန်ခရီးစရိတ်အပါအဝင် ကုန်ကျစရိတ်အားလုံးကို အလုပ်သမားကသာ ကျခံရမည်ဟူ၍လည်းကောင်း ဖော်ပြထားခြင်းတို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားတို့က အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် Employment Contract ချုပ်ဆိုပြီး အလုပ်လုပ်ကိုင်ချိန်မှစ၍ စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိအလုပ်လုပ်ရန် အလုပ်သမား တွင် တာဝန်ရှိကြောင်း ပေါ်လွင်ပါတယ်။ အကယ်၍မလုပ်လိုပါက အလုပ်ရှင်စိုက်ထုတ်ကုန်ကျ ထားသော လေယာဉ်ခအပါအဝင် ကုန်ကျစရိတ်အားလုံးအတွက် ဆော်ဒီအာရေဗျနိုင်ငံငွေကြေး ရီယယ် (၆၀၀၀) ခန့်ပေးလျော်ရကြောင်းသိရှိရပါတယ်။ အဆိုပါကိစ္စတွင် ကာယကံရှင်များသည် Employment Contract ကို ကိုယ်တိုင်လက်မှတ်ရေးထိုးထားကြကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ သိရှိရပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက် ၍ ပြဋ္ဌာန်းထားသော International Charter of Migration တွင်ပါဝင်သည့် ILO Convention No.97 ILO Convention No.143 United Nation International Convention on the Protection of the Rights of all Migrant Workers တို့အရလည်း ရွှေ့ပြောင်း အလုပ်သမားများကို အကာအကွယ်ပေးရာတွင် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေများအရသာ ကာကွယ်စောင့်ရှောက်ပေးရန် ပြဋ္ဌာန်းသတ်မှတ်ထားတဲ့အပြင် ယင်းအလုပ်သမားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေကို လေးစားရန်လည်းတာဝန်ရှိကြောင်း ဖော်ပြထားပါတယ်။ ဤဖြစ်စဉ်ကိုသင်ခန်းစာယူပြီး နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများအနေဖြင့် တရားဝင်လမ်းကြောင်းမှသာ သွားရောက်ရန်လိုအပ်ပါကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**သဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင် ဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဟန်စိန်၊ တိုက်ကြီးမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅**။

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ပါးကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာများပို့သအပ် ပါတယ်။

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်ဖြစ်ပါတယ်။ ဒီနေ့ ကြယ်ပွင့်ပြမေးခွန်းအနေနှင့် ကျွန်တော့်အနေနဲ့ သဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင်ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်ကြီးမြို့နယ်သည် ရန်ကုန်မြို့မှ ၄၈ မိုင်ကွာဝေးပြီး ရန်ကုန်တိုင်းဒေသကြီးရဲ့ တိုင်းနယ်စပ်မြို့တစ်မြို့ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်အတွင်းမှာ ရပ်ကွက်ကျေးရွာ ၉၄ အုပ်စုဖြင့်ဖွဲ့စည်းထားသော နယ်မြေကျယ်ဝန်းသည့် မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ တိုက်ကြီးမြို့နယ်အတွင်းရှိ လုပ်သားပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် City Bus မှန်လုံယာဉ် ဘတ်စ်ကား လိုင်း လေး လိုင်း၊ ဟိုင်းလတ်ယာဉ်လိုင်း သုံး လိုင်း၊ ဒိုင်နာယာဉ်လိုင်း တစ် လိုင်းတို့မှ နေ့စဉ်ပြေးဆွဲဆောင်ရွက်ပေးနေပါတယ်။ ပြေးဆွဲနေသောစီးရေမှာ City Bus ဘတ်စ်ကားကြီး ၁၂၆ စီး ၊ ဟိုင်းလတ်ယာဉ် ၂၁၀ စီးနှင့် ဒိုင်နာခြောက်စီးတို့ဖြစ်ပါတယ်။ ယင်းပြေးဆွဲနေသော ကားစီးရေ ၃၄၂ စီးမှာ သဘာဝဓာတ်ငွေ့သုံး CNG ယာဉ်များဖြစ်ပြီးတော့ ရန်ကုန်ရောက်မှသာ ဓါတ်ငွေ့ကိုဖြည့်တင်းရပါတယ်။

တိုက်ကြီးမြို့နယ်ရှိ အဖျောက်-အင်းတိုင်ဒေသသည် သဘာဝဓါတ်ငွေ့များထုတ်လုပ်နေသောဌာနတစ်ခုဖြစ်ပြီး ရန်ကုန်မြို့တော်နှင့်အခြားဒေသများသို့ ဓါတ်ငွေ့ပိုက်လိုင်းများဖြင့်နေ့စဉ် သဘာဝဓါတ်ငွေ့များကိုပို့ဆောင်ပေးနေရပါတယ်။ တိုက်ကြီးမြို့တွင် သဘာဝဓါတ်ငွေ့ဂက်စ်ဆိုင်ဖွင့်လှစ်ပေးနိုင်ပါက မြို့နယ်အတွင်းရှိကားများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှကားများပါ အထူးပင်အဆင်ပြေနိုင်ပြီး ရန်ကုန်မြို့ရှိ ဂက်စ်ဆိုင်များတွင်လည်းကားများ အစီးရေလျော့နည်းသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုက်ကြီးမြို့တွင် စက်သုံးဆီသဘာဝဓါတ်ငွေ့အရောင်းဆိုင် တစ်ဆိုင်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ဆောင်ရွက်ရန်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်မည်ကိုသိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၇။**

**ဦးသန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်မေးမြန်းထားတဲ့ CNG အရောင်းဆိုင်

သစ်ဖွင့်လှစ်ပေးရေးနဲ့ ပတ်သက်တဲ့မေးခွန်းကို စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကျွန်တော် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းကို မဖြေကြားမီမှာ ဒီကနေ့မြန်မာနိုင်ငံရဲ့ သဘာဝဓာတ်ငွေ့သုံးစွဲမှုအခြေအနေကို ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ယမန်နေ့ကဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး သဘာဝဓာတ်ငွေ့သုံးစွဲမှုဟာ ကုဗပေသန်းပေါင်း၂၅၃.၁၅၉၅ သန်းရှိပါတယ်။ အဲဒီအထဲမှာ ကမ်းလွန်ပင်လယ်ပြင်ကထုတ်လုပ်တဲ့ ဓာတ်ငွေ့ Offshore Gas ကုဗပေ သန်းပေါင်း ၁၈၅ သန်းခန့်နဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ကုန်းတွင်းရေနံမြေတွေကထုတ်လုပ်တဲ့ သဘာဝဓါတ်ငွေ့ကုဗပေသန်းပေါင်း ၇၃ သန်းကျော် ဖြစ်ပါတယ်။ ဒီဓာတ်ငွေ့အားလုံးရဲ့တစ်ဝက်ကျော်ကျော် အတိအကျအားဖြင့် ၅၄ .၁၉ ရာခိုင်နှုန်း ၊ ပမာဏအားဖြင့် ၁၃၉. ၅၆၇၂ ကုဗပေသန်းကို ပြည်သူလူထုအတွက် အလင်းရောင်ပေးနေတဲ့ လျှပ်စစ်(၂)ဝန်ကြီးဌာနရဲ့ ဓာတ်အားပေးစက်ရုံတွေကသုံးစွဲပါတယ်။ ၁၄.၃၉ ရာခိုင်နှုန်းဖြစ်တဲ့ ကုဗပေသန်းပေါင်း ၃၇ သန်းကျော်ကို တိုင်းပြည်အတွက် တည်ဆောက်ရေးလုပ်ငန်းတွေမှာလိုအပ်တဲ့ ဘိလပ်မြေတွေထုတ်ပေးနေတဲ့ ဘိလပ်မြေစက်ရုံတွေကသုံးစွဲပါတယ်။ ၁၁.၆၉ ရာခိုင်နှုန်းဖြစ်တဲ့ ကုဗပေသန်းပေါင်း ၃၀ ကျော်ကို ကျွန်တော်တို့ရဲ့ ဓာတ်မြေဩဇာစက်ရုံတွေကသုံးပါတယ်။ ၇.၄၆ ရာခိုင်နှုန်းဖြစ်တဲ့ ကုဗပေသန်းပေါင်း ၂၀ ပတ်ဝန်းကျင်ကိုတော့ အခုပြောတဲ့ CNG ယာဉ်တွေက သုံးပါတယ်။ ကျန်တဲ့ ၁၂.၂၇ ရာခိုင်နှုန်းဖြစ်တဲ့ ကုဗပေသန်းပေါင်း ၃၀ ကျော် ဒီပမာဏ ကိုတော့ တခြားနိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင်စက်ရုံတွေက သုံးစွဲခဲ့တာတွေ့ရှိရပါတယ်။ ဒါကိုကြည့်လို့ရှိရင် သဘာဝဓါတ်ငွေ့ကို ဘယ်လိုလုပ်ငန်းကဏ္ဍတွေမှာဘယ်လို ဘယ်ပုံခွဲဝေသုံးစွဲနေတယ်ဆိုတာ ခန့်မှန်း သိရှိနိုင်ပြီဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့ဆိုတဲ့နေရာမှာလည်း ဒီဓာတ်ငွေ့တွေရဲ့ ဖြစ်တည်မှု အရင်းအမြစ်နဲ့ ဘူမိအနေအထားကိုမူတည်ပြီးတော့ အဲဒီဓါတ်ငွေ့မှာပါဝင်တဲ့ ဓါတ်သဘာဝ အမျိုးအစား၊ အချိုးအစား အပူစွမ်းအင်တွေကွာခြားမှုရှိပါတယ်။ ဒါကြောင့် သဘာဝဓါတ်ငွေ့လို့ဆို တိုင်းနေရာတိုင်းမှာ အသုံးတည့်တာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ထုတ်လုပ်နေတဲ့ ကျွန်တော်တို့ရဲ့ဓာတ်မြေဩဇာစက်ရုံတွေ၊ ယခုအသုံးပြုတဲ့ CNG ဆိုတဲ့ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့တွေဟာ ကမ်းလွန်ဓာတ်ငွေ့ကိုအသုံးပြုလို့မရပါဘူး။ ကုန်းတွင်း သဘာဝဓာတ်ငွေ့ကိုသာအသုံးပြုနိုင်ပါတယ်။ အဲဒါကြောင့် မြန်မာ့ကမ်းလွန်ကသဘာဝဓာတ်ငွေ့တွေ အမြောက်အမြားထုတ်လုပ်ထွက်ရှိနေသော်လည်းပဲ အဲဒီဓာတ်ငွေ့အမျိုးအစားဟာ မော်တော်ယာဉ် တွေမှာ တိုက်ရိုက်အသုံးပြုလို့မရကြောင်းတင်ပြလိုခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကုန်းတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုဟာ ယမန်နေ့က ကုဗပေ သန်းပေါင်း ၇၃.၁၄၃၄ ပဲ ဖြစ်ပါတယ်။

အဲဒီထဲကမှ ဓာတ်မြေသြဇာစက်ရုံတွေက သန်းပေါင်း ၃၀ ကျော်သုံးပါတယ်။ CNG ယာဉ်တွေက သန်းပေါင်း ၂၀ လောက်သုံးပါတယ်။ ကျန်စက်ရုံတွေက ကုဗပေ သန်းပေါင်း ၂၃ သန်းကျော် ခွဲဝေသုံးစွဲကြပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ဒီကနေ့အထိ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ် စီးရေ ၂၇၄၇၂ စီး ရှိပါတယ်။ အဲဒီအရေအတွက်ထဲက ရန်ကုန်မြို့နဲ့ ပတ်ဝန်းကျင်မှာ စီးရေ ၂၆၅၅၂ စီး၊ ရေနံချောင်း-ချောက်နယ်မြေမှာ ၄၆၃ စီး၊ မန္တလေး-ပုလိပ်ဒေသမှာ ၄၅၇ စီး အသီးသီးရှိကြပါတယ်။ ဒီမော်တော်ယာဉ်တွေ ၂၇၀၀၀ ကျော်ထဲက ပုဂ္ဂလိကနဲ့ဌာနဆိုင်ရာယာဉ်အရေ အတွက်ဟာ ၃၇၄၈ စီး သာဖြစ်ပြီးတော့ ကျန်တဲ့ ၂၆၅၅၂ စီး၊ ရာခိုင်နှုန်းအားဖြင့် ၈၆ ရာခိုင်နှုန်းဟာ ကျွန်တော်တို့ပုဂ္ဂလိကပိုင် ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နဲ့ စီးလုံးငှားတက္ကစီယာဉ်များဖြစ်ကြပါတယ်။ နောက်တစ်ခါ CNG သဘာဝဓာတ်ငွေ့ရဲ့ဈေးနှုန်းဟာ ဓာတ်ဆီ ၁ဂါလံရဲ့ အပူစွမ်းအင်နဲ့ ညီမျှတဲ့ ၁၆၅ ကုဗပေကိုမှ ကျပ် ၁၀၀၀ နှုန်းနဲ့ ၂၀၀၅ ခုနှစ်ကစပြီးတော့ အပြောင်းအလဲမရှိ ယခုအချိန်အထိ ရောင်းချ ပေးနေတာဖြစ်ပါတယ်။ အဲဒီအပြင် နီးစပ်ရာဆိုင်တိုင်းမှာ အကြိမ်အရေအတွက် အကန့်အသတ်မရှိ ရောင်းချပေးလျက်ရှိပါတယ်။ အဲဒါကြောင့် ဓာတ်ငွေ့ဈေးနှုန်းသက်သာခြင်းရဲ့ အကျိုးကျေးဇူးကို ဒီ ၈၆ ရာခိုင်နှုန်းမျှသော ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နဲ့ စီးလုံးငှားယာဉ်ပိုင်ရှင်များက အဓိက ခံစားနေရကြောင်း လေ့လာတွေ့ရှိရပါတယ်။ CNG အရောင်းဆိုင်အနေနဲ့ တစ်နိုင်ငံလုံးမှာ ၄၅ ဆိုင် ရှိပါတယ်။ ရန်ကုန်မှာ ဆိုင် ၄၀၊ ရေနံချောင်းမှာ နှစ်ဆိုင် ၊ ချောက်မှာတစ်ဆိုင်၊ ပလိပ်မှာ တစ်ဆိုင်နဲ့ မန္တလေးမှာ တစ်ဆိုင်ဖြစ်ပါတယ်။ အဲတော့ မော်တော်ယာဉ်အရေအတွက်နဲ့ ဆိုင်အရေအတွက်ကို အချိုးအစားချကြည့်တဲ့အခါမှာ ရန်ကုန်မြို့မှာ CNG ယာဉ်ပေါင်း ၂၆၅၅၂ စီးဖြစ်ပြီးတော့ ဆိုင်က ၄၀ ဖြစ်တဲ့အတွက် ပျမ်းမျှခြင်းအားဖြင့် မော်တော်ယာဉ်အစီး ၆၆၀ မှာ ဆိုင်တစ်ဆိုင်နှုန်းရှိပါတယ်။ အဲဒီဆိုင်ဟာလည်းပဲ ၂၄ နာရီဖွင့်ပေးနေပါတယ်။ ဒီတော့အခြားသော ဓာတ်ဆီယာဉ်၊ ဒီဇယ် ယာဉ်များအတွက် ဖွင့်လှစ်ထားတဲ့ဆိုင်အချိုးနဲ့ ပြန်ပြီးတော့နှိုင်းယှဉ်စဉ်းစားကြည့်တဲ့အခါမှာ ကျွန်တော်တို့ ကညန စာရင်းဇယားအရ ရန်ကုန်မြို့အတွင်းမှာ ဒီဇယ်ယာဉ်၊ ဓာတ်ဆီယာဉ်ပမာဏဟာ ၁၈၈၀၂၃ စီးရှိပါတယ်။ အဲဒီမော်တော်ယာဉ်တွေအတွက် ဖွင့်လှစ်ထားတဲ့စက်သုံးဆီအရောင်းဆိုင်ဟာ ဆိုင်အရေအတွက် ၇၀ ပဲရှိပါတယ်။ ဒါကြောင့်ဓါတ်ဆီယာဉ်၊ ဒီဇယ်ယာဉ်နဲ့ ဆိုင်အချိုးကို တွက်ကြည့်တဲ့အခါမှာ မော်တော်ယာဉ် ပေါင်း ၂၆၈၆ စီးမှာ ဆိုင်တစ်ဆိုင်ပဲရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ CNG ယာဉ် ၆၆၀ မှာ တစ်ဆိုင်နှုန်းဆိုတဲ့ဥစ္စာဟာ လုံလောက်တဲ့အခြေအနေရှိတယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ နောက်တစ်ခါ အဲဒီလိုလုံလောက်ခြင်း ရှိ၊ မရှိကိုလည်းပဲ CNG ယာဉ်တွေတစ်နေ့ကိုဘယ်နှစ်ကြိမ်ဖြည့်တင်းနိုင်သလဲဆိုတဲ့ဟာ ကျွန်တော်တို့ ဒါ စာရင်းဇယားတွေ

ပြန်ပြီးတော့စိစစ်ကြည့်ပါတယ်။ အဲတော့ ယာဉ်တစ်စီးဟာတစ်နေ့ကိုတစ်ကြိမ်မက အကြိမ်ကြိမ်ဝယ်ယူနိုင်ကြောင်းလည်းပဲ ကျွန်တော်တို့ရဲ့မှတ်တမ်းတွေအရတွေ့ရပါတယ်။

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူတဲ့ ယူစ ဧပြီလ ၇ ရက်နေ့ကစာရင်းကို ကျွန်တော်ပြန်ပြီးတော့ကြည့်ပါတယ်။အဲဒီ ဧပြီ ၇ ရက်နေ့မှာ တစ်နေ့တည်းနဲ့ ခုနှစ်ကြိမ် တိတိဝယ်တဲ့ကားတွေလည်းရှိပါတယ်။ ခြောက်ကြိမ်ဝယ်တဲ့ ကားရှိပါတယ်။ ကျွန်တော်စာရင်းဇယားအတိအကျ တင်ပြရလို့ရှိရင် ၇-၄-၂၀၁၁ ရက်နေ့မှာ ခုနှစ်ကြိမ်တိတိဝယ်တဲ့ယာဉ် နှစ်စီးရှိပါတယ်။ ခြောက်ကြိမ်ဝယ်တဲ့ယာဉ် ၄၃ စီးရှိပါတယ်။ ငါးကြိမ် ၂၂၁ စီး၊ လေးကြိမ် ၈၆၃ စီး၊ သုံးကြိမ် ၂၃၅၆ စီး နဲ့ နှစ်ကြိမ်ဖြည့်နိုင်တာ ၆၃၉၉ စီး ရှိပါတယ်။ ပြီးခဲ့တဲ့ လကုန်ပိုင်းဖြစ်တဲ့ ဇူလိုင် ၂၉ ရက်နေ့မှတ်တမ်းကောက်ကြည့်တဲ့အခါမှာ ခြောက်ကြိမ်ဖြည့်တင်းနိုင်တဲ့ မော်တော်ယာဉ်ခြောက်စီးရှိပါတယ်။ ငါးကြိမ်ဖြည့်သွားတာ ၉၁ စီး ရှိပါတယ်။ လေးကြိမ်ဖြည့်တာ ၄၉၂ စီးရှိပါတယ်။ သုံးကြိမ်ဖြည့်တာ ၁၇၉၁ စီးနဲ့ နှစ်ကြိမ်ဖြည့်တာ ၅၈၅၂ စီး တိတိရှိကြောင်း မှတ်တမ်းများအရတွေ့ရပါတယ်။ ဒီအချက်က CNG ယာဉ်တွေအားလုံးဟာ နေ့စဉ် CNG ကို မရမရှိဝယ်နိုင်တဲ့အပြင် အကြိမ်ကြိမ်တောင် ဝယ်ယူဖြည့်တင်းနိုင်တယ်ဆိုတာပေါ်လွင်ပါတယ်။ ဒီ့အပြင် ယခင်တုန်းကတွေ့ကြုံခဲ့ရတဲ့ လျှပ်စစ်ဓါတ်အားပြတ်တောက်တဲ့အခြေအနေတွေမှာ မော်တော်ယာဉ်တွေအချိန်ကြာမြင့်စွာတန်းစီစောင့်ဆိုင်းရမှုမရှိအောင်လည်းပဲ ဓာတ်ငွေ့သုံးအရန်မီးစက်တွေကို CNG အရောင်းဆိုင်အားလုံးမှာ ဝယ်ယူတပ်ဆင်ပေးထားပြီးဖြစ်ပါတယ်။ နောက်တစ်ခါ မော်တော်ယာဉ်တွေမှာ ဓာတ်ငွေ့ဆလင်ဒါ တပ်ဆင်ခွင့်ပြုတဲ့အရေအတွက်ကိုပြန်ပြီးတော့ စိစစ်ကြည့်ပါတယ်။ City Bus လို၊ ဟီးနိုးကားလို၊ ဖောယာဉ်တွေလို ယာဉ်ကြီးတွေမှာ ယခင်တုန်းက ကားတစ်စီးမှာလီတာ ၅၀ ဆလင်ဒါရှစ်လုံးပဲတပ်ခွင့်ပြုတဲ့အတွက် ၄၀၀ လီတာပဲ ဝယ်ယူခွင့်ရှိပါတယ်။ သို့သော်လည်းပဲ CNG ခေတ်ဦးကာလမှာ ကျွန်တော်တို့ မော်တော်ယာဉ်ဓာတ်ငွေ့အရောင်းဆိုင်တွေ အလုံအလောက်မဖွင့်နိုင်ခင်စပ်ကြားမှာ ကားတွေတန်းစီရတာကိုအကြောင်းပြုပြီးတော့ တိုးချဲ့တပ်ဆင်ခွင့်တင်ပြလျှောက်ထားခဲ့ကြတဲ့အတွက် အဲဒီလို မော်တော်ယာဉ်အကြီးစားတွေမှာ ကျွန်တော်တို့ ဆလင်ဒါ ၁၄ လုံးအထိ ပမာဏအားဖြင့် Water Litre ၇၀၀ အထိ တိုးချဲ့တပ်ဆင်ခွင့်ပြုပေးခဲ့တဲ့အတွက် အဲဒီမော်တော်ယာဉ်ကြီးများဟာ သဘာဝဓာတ်ငွေ့တစ်ကြိမ်ဖြည့်တင်းထားလို့ရှိရင် မိုင် ၂၈၀ အထိ တောက်လျှောက်မောင်းနှင်နိုင်တဲ့အတွက် ရန်ကုန်မြို့ကနေပြီးတော့ တိုက်ကြီးကိုကျော်ပြီးတော့ ဥက္ကံအထိတောင်မှ ပြေးဆွဲနိုင်ကြောင်း၊ ပြေးဆွဲလျက်ရှိကြောင်းလည်းတွေ့ရပါတယ်။ အလားတူပဲ အခြားတိုင်းဒေသကြီးတွေဖြစ်တဲ့ ပဲခူး၊ ပုသိမ်၊ ချောင်းသာ၊ ငွေဆောင်၊ ဖျာပုံ၊ ဘိုကလေး၊ ညောင်တုန်း၊ ဟင်္သာတ၊ ဇလွန် စသည်အားဖြင့်

ဧရာဝတီတိုင်းတစ်ခုလုံးကိုလည်းပဲ ပြေးဆွဲနိုင်ကြောင်းတွေ့ရှိရပါတယ်။ ဒီမှာ ဓါတ်ငွေ့ရောင်းဈေးကို ပြန်ပြီးတော့နှိုင်းယှဥ်ကြည့်မယ်ဆိုရင် တင်ပြပါ ၇၀၀ လီတာ ဖြည့်နိုင်တဲ့ကားကြီးများဟာ တစ်ကြိမ်အပြည့်ဖြည့်ထားလို့ရှိရင် သူနဲ့စွမ်းရည်တူညီတဲ့ ဓာတ်ဆီ ၃၀.၈ ဂါလံနဲ့ညီမျှပါတယ်။ အဲတော့ ဓာတ်ဆီကား ၃၀.၈ ဂါလံ ဝယ်ရတာနဲ့ CNG ၇၀၀ လီတာ ဝယ်ရတဲ့နှုန်းထားကို ပြန်ကြည့်တဲ့အခါမှာ တစ်ကြိမ်ဖြည့်တင်းတိုင်းမှာ ကျပ် ၄၅၀၀၀ သက်သာတယ်လို့တွေ့ရှိရပါတယ်။ အဲဒီအပြင် အကန့်အသတ်မရှိ အချိန်မရွေးရောင်းချပေးနေတဲ့အတွက် သဘာဝဓါတ်ငွေ့သုံးယာဥ်ပိုင်ရှင်တွေအနေနဲ့ နိုင်ငံတော်ရဲ့ကျေးဇူးကြောင့် များစွာအကျိုးစီးပွားဖြစ်ထွန်းလျက်ရှိကြောင်းလည်းတွေ့ရပါတယ်။ ဒီနေရာမှာ မေးခွန်းနဲ့တိုက်ရိုက်မသက်ဆိုင်သော်လည်းပဲ သဘာဝဓါတ်ငွေ့ကိုတာဝန်ယူဖြန့်ဖြူးပေးနေရတဲ့ ဝန်ကြီးဌာနအနေနဲ့ မိမိတို့ရဲ့ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ပြည်သူလူထုမှာ ဘယ်လိုအကျိုးခံစားရသလဲဆိုတာကိုသိလိုတဲ့အတွက် ယာဥ်စီးခနှုန်းထားများကို လေ့လာကြည့်တဲ့အခါမှာ CNG ယာဥ် အများစုဟာ ဓါတ်ဆီယာဥ်၊ ဒီဇယ်ယာဥ်တွေ နှုန်းထားအတိုင်းပဲကောက်ခံနေကြတာတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် အခုပြောတဲ့ ရန်ကုန်-တိုက်ကြီးခရီးစဥ်မှာ ဒီဇယ်ယာဥ်တစ်စီးဟာ လူတစ်ဦးကို ၆၀၀ ကောက်ပါတယ်။ CNG ယာဥ်ဟာလည်း ၆၀၀ ပဲကောက်ခံတာတွေ့ပါတယ်။ အလားတူပဲ ရန်ကုန်-သံလျင်ခရီးစဥ်မှာ ဒီဇယ်ယာဥ်တစ်စီးဟာ လူတစ်ဦးကိုခရီးသည်တစ်ဦးကို ယာဥ်စီးနင်းခ ၂၀၀ ကောက်ခံနေတဲ့အချိန်မှာ CNG ယာဥ်ဟာလည်းပဲ ကျပ်၂၀၀ ပဲ ကောက်ခံနေတာတွေ့ရတဲ့အတွက် နိုင်ငံတော်ရဲ့စေတနာကို ပြည်သူတစ်ဦးချင်းထိ ရရှိခံစားနိုင်ဖို့အတွက် ယာဥ်ပိုင်ရှင်တွေကလည်းပဲ သင့်တင့်မျှတတဲ့နှုန်းထားတွေနဲ့ ပြေးဆွဲပေးသင့်ပါကြောင်း ဒီနေရာမှာ သုံးသပ်တင်ပြလိုပါတယ်။ CNG ယာဥ်အားလုံးဟာ နှစ် နှစ်ကနေ သုံးနှစ်အတွင်းမှာ သူတို့ CNG ပြောင်းလဲတပ်ဆင်တဲ့ စရိတ်စက အရင်းကျေတယ်လို့လည်းလေ့လာတွေ့ရှိရပါတယ်။

တင်ပြပါ အခြေအနေများအရ လက်ရှိယာဥ်အရေအတွက်နဲ့ ဆိုင်အရေအတွက် သင့်တင့်မျှတခြင်း၊ ယာဥ်ပိုင်ရှင်များအနေနဲ့ ဓာတ်ဆီ၊ ဒီဇယ်သုံးယာဥ်များထက်ပို၍ အကျိုးအမြတ်ခံစားနေရခြင်း၊ တန်ဖိုးရှိတဲ့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ကို ထိန်းသိမ်းဖြန့်ဖြူးရန်လိုအပ်ခြင်းတို့ကြောင့် လတ်တလောအားဖြင့် တိုက်ကြီးမြို့အပါအဝင် မည်သည့်နေရာတွင်မှ ဓာတ်ငွေ့အရောင်းဆိုင်တိုးချဲ့ရန်မရှိသေးပါ။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ရှာဖွေထုတ်လုပ်ရေးကို ပင်မရည်မှန်းချက်အဖြစ်နဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါကြောင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့မြေအသစ်တွေ ထပ်မံဖော်ထုတ်တွေ့ရှိလာတဲ့အခါ သို့မဟုတ် လက်ရှိရေနံနှင့်သဘာဝဓါတ်ငွေ့မြေများမှ ကုန်းတွင်းသဘာဝဓါတ်ငွေ့တိုးတက်ထုတ်လုပ်ရရှိနိုင်တဲ့ အခါမျိုးမှာဆိုရင်တော့

CNG တိုးချဲ့ဖြန့်ဖြူးရေးအတွက် လိုအပ်သလိုသုံးသပ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ ( ဩဘာသံများ)

**ရှေ့နေသင်တန်း(R.L)၊ အထက်တန်းရှေ့နေစာမေးပွဲ(H.G.P) ပြန်လည်ကျင်းပခွင့်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးသိန်းညွန့် (သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ထပ်မံမေးမြန်းမယ့် မေးခွန်း ကတော့ နိုင်ငံတော်က ဥပဒေပညာရပ်ဖြင့်အကျိုးပြုနေသော ရှေ့နေများအနက်မှ အချို့မှာရှေ့နေ လိုင်စင်ရုပ်သိမ်းခံရခြင်း၊ ရှေ့နေအဖြစ်မှ အပြီးထုတ်ပယ်ခြင်းများရှိနေသည်ကို ပြည်ထောင်စု အစိုးရကသိပါသလား။ သိပါက ရှေ့နေလိုင်စင်အသိမ်းခံရသူ၊ ရှေ့နေအဖြစ်မှ ထုတ်ပယ်ခံရသူ မည်မျှရှိပါသနည်း။ ၎င်းတို့အနက် တရားလွှတ်တော်ရှေ့နေနဲ့ အထက်တန်းရှေ့နေမည်မျှရှိပါသနည်း။ လိုင်စင်အသိမ်းခံရခြင်း၊ ထုတ်ပယ်ခံရခြင်းရှိသူရှေ့နေများအား ပြန်လည်စိစစ်၍ လိုင်စင်ထုတ်ပေး ခြင်းနှင့် ရှေ့နေအဖြစ်လက်ခံခြင်း အစီအစဉ်များရှိပါသလား။ ရှိပါက မည်သည့်အချိန်တွင် စတင် အကောင်အထည်ဖော်ပေးမည်နည်း။

တစ်ဆက်တည်း မေးချင်တဲ့ဥပဒေရေးရာပြဿနာကတော့ ဥပဒေပညာရပ်နဲ့ ပတ်သက်ပြီး ဥပဒေပညာတတ်ကျွမ်းဖို့လိုတဲ့အတွက် ဥပဒေရေးရာကဏ္ဍတွင်ရပ်ဆိုင်းထားခဲ့သော မှတ်ပုံတင်ရှေ့နေ R.L သင်တန်းနှင့် အထက်တန်းရှေ့နေ H.G.P စာမေးပွဲများကျင်းပခြင်းကို ပြန်လည်ဖွင့်လှစ် ပေးနိုင်ပါမည်လား။ ဖွင့်လှစ်ပေးမည်ဆိုပါကမည်သည့် အချိန်တွင်စတင်မည်နည်း။ မဖွင့်လှစ်နိုင်ပါက အဘယ်ကြောင့်နည်း။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားသူကြီးချုပ်က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဦးထွန်းထွန်းဦး(ပြည်ထောင်စုတရားသူကြီးချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်မေးမြန်းထားတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားပါမယ်။ ရှေ့နေလိုင်စင်များ ပြန်လည်ရုပ်သိမ်းခြင်း၊ ရှေ့နေအဖြစ်မှ အပြီးထုတ်ပယ်ခြင်းနဲ့ စပ်လျဉ်းလို့

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေ၊ ရှေ့နေလိုက်သူများ အက်ဥပဒေတို့နဲ့အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်ခြင်းဖြစ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကဖြေဆိုမှာဖြစ်ပါတယ်။ ရှေ့နေလိုက်ပါခွင့်ရပ်ဆိုင်းခံရသူ ရှေ့နေအဖြစ်မှ ထုတ်ပယ်ခံရသူများနဲ့ ပတ်သက်၍ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ ရှေ့နေလိုက်ပါခွင့်ရပ်ဆိုင်းခံရသူ အထက်တန်းရှေ့နေ ၆၉ ဦး၊ ရှေ့နေအဖြစ်မှထုတ်ပစ်ခံရသည့် အထက်တန်းရှေ့နေ ၁၂၅ ဦး၊ ရှေ့နေလိုက်ပါခွင့်ရပ်ဆိုင်းခံရသည့် တရားလွှတ်တော်ရှေ့နေ ၈၈ ဦးနှင့်ရှေ့နေအဖြစ်မှ ထုတ်ပယ်ခံရသည့်တရားလွှတ်တော်ရှေ့နေ ၁၀၄ ဦး ရှိကြောင်းတင်ပြအပ်ပါတယ်။ ရှေ့နေတစ်ဦးသည် ရှေ့နေကျင့်ဝတ်၊ စည်းကမ်းများကိုမလိုက်နာသဖြင့် ရှေ့နေလိုက်ပါခွင့်လိုင်စင်ကို နှစ်အကန့်အသတ်ဖြင့်ရပ်ဆိုင်းခံရသည့် ရှေ့နေများအနက် ရှေ့နေ အဖြစ်မှထုတ်ပယ်ခံရသည့် ရှေ့နေများ၏လိုင်စင်များကို တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၂၊ (၇)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်သိမ်းယူပါတယ်။ နှစ်အကန့်အသတ်ဖြင့် ရှေ့နေလိုက်ပါခွင့်လိုင်စင်ရပ်ဆိုင်းခံရသည့် ရှေ့နေများနဲ့ပတ်သက်လို့ သတ်မှတ်ကာလပြည့်ပြီး ပြန်လည်လျှောက်ထားလာပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေ့နေအဖြစ်ပြန်လည်လိုက်ပါခွင့်ပြုပြီး ၎င်းတို့၏လိုင်စင်များကို ပြန်လည်ထုတ်ပေးပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေ့နေရှေ့ရပ်များရဲ့လုပ်ငန်းဟာ တရားစီရင်ရေးမှာတရားမျှတမှန်ကန်မှုရရှိရေးအတွက် အကျိုး ဆောင်ပေးရတဲ့ မွန်မြတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ယင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြတဲ့ပုဂ္ဂိုလ်တို့မှာ လိုအပ်သောပညာအရည်အချင်းများပြည့်စုံကြရမည့်အပြင် လုပ်ငန်းနှင့်လိုက်လျောညီထွေသော ကျင့်ဝတ်သိက္ခာများ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ် ပါတယ်။ ဒါကြောင့် ရှေ့နေကျင့်ဝတ်၊ စည်းကမ်းကို မလိုက်နာသဖြင့် ထုတ်ပယ်ခြင်းခံရတဲ့ရှေ့နေများ ရဲ့လိုင်စင်များကိုပြန်လည်ထုတ်ပေးခြင်း ရှေ့နေအဖြစ်ပြန်လည်လက်ခံခြင်းများပြုလုပ်ရန် အစီအစဉ် မရှိကြောင်းတင်ပြအပ်ပါတယ်။ ရှေ့နေလိုင်စင်ထုတ်ပေးခြင်းကို ၁၉၅၅ ခုနှစ်၊ ရှေ့နေဝင်ခွင့် နည်းဥပဒေနှင့် ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေဝင်ခွင့်နည်းဥပဒေတို့နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဆောင်ရွက်ပေးပါတယ်။

ယနေ့ထိ အထက်တန်းရှေ့နေ ၃၇၄၅၈ ဦး၊ တရားလွှတ်တော်ရှေ့နေ ၇၈၇၅ ဦးတို့ကို လိုင်စင်ထုတ်ပေးပြီးကြောင်းတင်ပြအပ်ပါတယ်။ ယခုအခါ တရားလွှတ်တော်ရှေ့နေလျှောက်ထားသူ များတွင် တရားလွှတ်တော်ရှေ့နေများကောင်စီမှသဘောထားရရှိပြီး တရားလွှတ်တော်ရှေ့နေအသိ အမှတ်ပြုလက်မှတ်ထုတ်ပေးရန်ဆောင်ရွက်ဆဲ ၄၁၈ ဦးရှိကြောင်းတင်ပြလိုပါတယ်။ ယခင်မှတ်ပုံ

တင်ရှေ့နေသင်တန်းဖွင့်သည့်အချိန်မှာ ဥပဒေဘွဲ့ကို ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တစ်ခုတည်းတွင်သာ သင်ယူနိုင်သဖြင့် ဥပဒေဘွဲ့ရနည်းပါးပြီး ရှေ့နေအရေအတွက်နည်းပါးသည့်အတွက် မှတ်ပုံတင်ရှေ့နေ သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အထက်တန်းရှေ့နေစာမေးပွဲများကျင်းပချိန်ကလည်း အထက်တန်းရှေ့နေ အရေအတွက်နည်းပါးနေသည့်အတွက် အထက်တန်းရှေ့နေစာမေးပွဲများကို ကျင်းပပေးခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ တက္ကသိုလ်အသီးသီးမှာ ဥပဒေပညာဘာသာရပ်ကို သင်ကြား ပေးပြီးတော့ ဥပဒေဘွဲ့ရတစ်ဦးဟာ ၁၉၅၅ခုနှစ် ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများနဲ့အညီ အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်သင်ကြားပြီးနောက် အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်း ပေးရန်လျှောက်ထားနိုင်ပါတယ်။ အထက်တန်းရှေ့နေအဖြစ် သုံးနှစ်လိုက်ပါဆောင်ရွက်ပြီးပါက ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများနဲ့အညီ တရားလွှတ်တော် ရှေ့နေအဖြစ်လျှောက်ထားနိုင်သည်ဖြစ်၍ အဆိုပါမှတ်ပုံတင်ရှေ့နေသင်တန်းနှင့် အထက်တန်းရှေ့နေ စာမေးပွဲကို ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ပါကြောင်းလေးစားစွာဖြင့် တင်ပြ အပ်ပါတယ်။ (ဩဘာသံများ)

**အထူးတရားရုံးများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်မှပင်ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးသိန်းညွန့်( သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ထပ်မံမေးမယ့် မေးခွန်းကတော့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃(ခ) ကန့်သတ်ချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရား စီရင်ရမည်ဟုပြဋ္ဌာန်းထားသော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်အကျဉ်းထောင်၌ အထူး တရားရုံးများဖွင့်လှစ်ပြီး တံခါးပိတ်အမှုစစ်ဆေးလျက်ရှိသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သိပါသလား။ တရားရုံးများညွှန်ကြားလွှာ ၇/၅၆ အရ အကျဉ်းထောင်အတွင်းအမှုစစ်ရန် တရားရုံးက အမိန့်တစ်ရပ်ချမှတ်ထားရန်ညွှန်ကြားထားသော်လည်း ယင်းအမိန့်ချမှတ်ထားခြင်းမရှိဘဲ အင်းစိန် အကျဉ်းထောင်၌ အထူးတရားရုံးများဖြင့် စစ်ဆေးနေခြင်းများရှိသည်ကိုသိပါသလား။ သိပါက ပြည်သူ့ရှေ့မှောက်၌ တရားစီရင်ရန်ရည်ရွယ်ချက်ရှိပါသလား။ မရှိပါက အဘယ့်ကြောင့်မရည်ရွယ်ပါ သနည်း။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာတာဝန်ရှိသူက ပြန်လည်ဖြေကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးထွန်းထွန်းဦး(ပြည်ထောင်စုတရားသူကြီးချုပ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ပြည်ထောင်စုတရားသူကြီးချုပ်က မေးမြန်းထားသော မေးခွန်းများနဲ့စပ်လျဉ်း၍ ဆက်လက်ဖြေကြားပါမယ်။ တရားရုံးများဟာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃(ခ) မှာပြဋ္ဌာန်းထားတဲ့အတိုင်းဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင်တရားစီရင်ကြပါတယ်။ အချို့သောအမှုများတွင် အမှုသည်များ၊ သက်သေများ၊ တရားခံများရဲ့လုံခြုံရေးအတွက်လည်းကောင်း၊ တရားခံများ၊ သက်သေများ၊ သက်သေခံပစ္စည်းများကို လျင်မြန်စွာတင်ပို့နိုင်ခြင်းဖြင့် တရားရုံးကမှန်ကန်မြန်ဆန်စွာစစ်ဆေးစီရင်ရာ၌ အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း အင်းစိန်အကျဉ်းထောင်အပြင်ဘက် အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် တရားရုံးထိုင်စစ်ဆေးပေးရန် တရားစွဲအဖွဲ့အစည်း၏ တင်ပြလျှောက်ထားချက်အရ အဆိုပါနေရာတွင်တရားရုံးထိုင်စစ်ဆေးစီရင်မှုများရှိခဲ့ပါတယ်။ ယင်းသို့ စစ်ဆေးစီရင်ရာတွင် တံခါးပိတ်အမှုစစ်ဆေးခြင်းမရှိပါ။ အမှုစစ်ဆေးရာသို့ တရားခွင်သို့ အမှုသည်များ၊ တရားခံရဲ့ရှေ့နေများ၊ နှစ်ဖက်သက်သေများ၊ အမှုသည်များ၊ ဆွေမျိုးသားချင်းများ ရှေ့မှောက်တွင် စစ်ဆေးစီရင်ခြင်းဖြစ်ပါတယ်။ ထိုသို့စစ်ဆေးရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားရုံးလက်စွဲပါပြဋ္ဌာန်းချက်တို့နဲ့အညီ စစ်ဆေးစီရင်ခြင်းဖြစ်ပါတယ်။ အမှုသည်များ၊ တရားခံများ အနေဖြင့်သက်သေပြခွင့်၊ သက်သေများကို ပြန်လည်စစ်မေးပိုင်ခွင့်၊ လျှောက်လဲပိုင်ခွင့်များကို ဥပဒေနဲ့အညီရရှိကြပါတယ်။ အင်းစိန်အကျဉ်းထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် ရုံးထိုင်စစ်ဆေးခြင်းမှာ မူလရုံးစိုက်ရာတရားရုံးမှ နေရာပြောင်းရွှေ့စစ်ဆေးခြင်းသာဖြစ်ပါတယ်။ အမှုသည်နဲ့ ရှေ့နေများနဲ့ဆိုင်သောအခွင့်အရေးများကိုလည်း သတ်မှတ်ချက်များနဲ့အညီပေးလျက်ရှိပါတယ်။ အင်းစိန်အကျဉ်းထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် ရုံးထိုင်စစ်ဆေးသည့်အမှုများအနက် အချို့အမှုများမှာ တရားခံဦးရေများပြားပြီး၊ သက်သေအရေအတွက်လည်းများပြားတဲ့အမှုများလည်းရှိတတ်ပါတယ်။ ထိုအမှုများမှာ တရားခွင်အကျယ်အဝန်းကိုလိုက်၍ တရားစီရင်ရေးလုံခြုံချောမွေ့စေရန်အတွက်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ ရဲ့ ခြွင်းချက်ပါပြဋ္ဌာန်းချက်ကိုကျင့်သုံးပြီး တရားခွင်အတွင်း တရားလို၊ တရားခံများ၊ နှစ်ဖက်ရှေ့နေများ၊ နှစ်ဖက်သက်သေများ၊ တာဝန်ရှိသူများမှအပ ပြင်ပလူများဝင်ရောက်ခွင့်မပြုရန် ဆောင်ရွက်ခဲ့တဲ့အမှုများလည်းရှိကြောင်းသိရပါတယ်။ ထိုကဲ့သို့ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၂

ရဲ့ခြင်းချက်အရ ဆောင်ရွက်ခဲ့သည့်အမှုမှာ အရေအတွက်အနည်းငယ်မျှသာဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း တံခါးပိတ်၍အမှုစစ်ဆေးခြင်းမဟုတ်ပါ။ နှစ်ဖက်အမှုသည်များ၊ ရှေ့နေများ၊ နှစ်ဖက်သက်သေအများအပြားရှေ့မှောက်တွင် ရှိရင်းစွဲကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးစီရင်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်၍ တချို့သောအမှုများကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန် အကျဉ်းထောင်၌ အထူးတရားရုံးများဖွင့်လှစ်ပြီး တံခါးပိတ်အမှုစစ်ဆေးလျက်ရှိသည်ဆိုခြင်းမှာ မမှန်ပါကြောင်းဖြေကြားအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားရုံးများညွှန်ကြားလွှာအမှတ် ၇/၅၆ ရဲ့ဆိုလိုရင်းဟာ တရားရုံးတစ်ရုံးသို့ တရားစွဲတင်ပို့ထားသောအမှုတစ်ခုကို အထူးကိစ္စတစ်ရပ်ရပ်အတွက် အကျဉ်း ထောင်အတွင်းမှာဖြစ်စေ၊ အခြားနေရာများမှာဖြစ်စေ၊ အမှုကြားနာစစ်ဆေးရန်လိုအပ်သည်ဟု ယူဆပါက လိုအပ်သည့်အမိန့်တစ်ရပ်ကို အမှုစစ်ဆေးနေတဲ့ တရားသူကြီးကိုယ်တိုင်ချမှတ်ပြီးမှသာ ရုံးအဆောက်အအုံ၏ပြင်ပသို့သွားရောက်၍ အမှုစစ်ဆေးခွင့်ရှိကြောင်းညွှန်ကြားထားခြင်းဖြစ်ပါ တယ်။ အင်းစိန်အကျဉ်းထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် ရုံးထိုင်ကြားနာစစ်ဆေးသည့်အမှုများမှာ အမျိုးအစားအားဖြင့် နှစ်မျိုးကွဲပြားပါတယ်။ ပထမ တစ်မျိုးဟာ အင်းစိန်အကျဉ်းထောင်တည်ရှိရာဒေသ စီရင်ပိုင်ခွင့်ရှိတဲ့တရားရုံး၊ ဥပမာ- အင်းစိန် မြို့နယ်တရားရုံး၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက မိမိတို့တရားရုံးမှာ တရားစွဲဆိုတင်ပို့ထားပြီး သည့်အမှုကို မိမိတို့ရုံးတွင်ရုံးထိုင်စစ်ဆေးခြင်းမပြုဘဲ အထူးကိစ္စတစ်ရပ်ရပ်အတွက် အင်းစိန် အကျဉ်းထောင်အပြင်ဘက် အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိအဆောက်အအုံသို့ သွားရောက်ရုံးထိုင် စစ်ဆေးသည့်အမှုများဖြစ်ပါတယ်။ ယင်းကဲ့သို့သောအမှုများမှာသာ တရားရုံးများညွှန်ကြားလွှာအမှတ် ၇/၅၆ နှင့်သာသက်ဆိုင်ပါတယ်။ ထိုကဲ့သို့သောအမှုများမှာ မိမိတရားရုံးပြင်ပသို့သွားရောက် အမှု စစ်ဆေးရန်လိုအပ်ကြောင်း ကနဦးအမိန့်တစ်ရပ်ချမှတ်ရမည်ဖြစ်ပါတယ်။ ဤကဲ့သို့သောအမှုများမှာ အရေအတွက်အနည်းအကျဉ်းသာရှိပါတယ်။ ထိုအမှုများတွင် ကနဦးအမိန့်ချမှတ်ပြီးမှသာ အင်းစိန် အကျဉ်းထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိရုံးအဆောက်အအုံသို့ သွားရောက်ရုံးထိုင် ကြတာကိုတွေ့ရပါတယ်။ တရားရုံးများကညွှန်ကြားချက်နဲ့အညီ လိုက်နာဆောင်ရွက်ကြပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အင်းစိန်အကျဉ်းထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် စစ်ဆေးသည့်မှုခင်းများအနက် ဒုတိယအမျိုးအစားမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရ

ပြည်ထောင်စုတရားသူကြီးချုပ်က ပြစ်မှုကျူးလွန်ရာနယ်မြေမဟုတ်သည့်အခြားနယ်မြေတွင် စီရင်ပိုင်ခွင့်အာဏာရှိသည့်တရားရုံးအား အင်းစိန်ထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် ရုံးထိုင်စစ်ဆေးရန်ညွှန်ကြားချက်အရ စစ်ဆေးစီရင်သည့်အမှုများဖြစ်ပါတယ်။ ထိုအမှုများကို အင်းစိန်အကျဉ်းထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင်ရုံးထိုင်သည့်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရ ရရှိလာတဲ့စီရင်ပိုင်ခွင့်အာဏာအရစစ်ဆေးခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ စစ်ဆေးစီရင်ခြင်းသည် မိမိရုံးသို့ တရားစွဲဆိုတင်ပို့ထားသည့်အမှုကို မိမိရုံးပြင်ပနေရာသို့ သွားရောက်ရုံးထိုင်စစ်ဆေးခြင်းမဟုတ်သဖြင့်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရ ညွှန်ကြားချက်တွင် အင်းစိန်အကျဉ်းထောင်အပြင်ဘက်၊ အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် သီးသန့်ရုံးထိုင်စစ်ဆေးရန်ဟုပါရှိပြီးဖြစ်သဖြင့်လည်းကောင်း၊ တရားရုံးများညွှန်ကြားလွှာအမှတ် ၇/၅၆ နှင့်အကျုံးမဝင်သဖြင့်လည်းကောင်း အမှုစစ်ရန်တရားရုံးက ကနဦးအမိန့်တစ်ရပ်ချမှတ်ရန်မလိုကြောင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားရုံးများသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃(ခ) နှင့်အညီ ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင်တရားစီရင်လျက်ရှိပါကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါသည်။(ဩဘာသံများ)

**နိုင်ငံခြားသဘော်သားများ မော်တော်ကားတင်သွင်းခွင့် ပါမစ်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀**။

**ဦးသိန်းညွန့်( သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဆက်လက်မေးမယ့်မေးခွန်းကတော့ နိုင်ငံခြားသဘော်သားများသည် မော်တော်ကားတင်သွင်းခွင့်ပါမစ်ရရှိခဲ့ပြီး၊ ၎င်းတို့ရရှိသောလစာမှ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့အခွန်ငွေအဖြစ်၊ ဒေါ်လာဖြင့်အပြည့်အဝပေးသွင်းခဲ့ရသော်လည်း မော်တော်ကားတင်သွင်းခွင့်ပါမစ်လုံးဝမရရှိခဲ့တော့ပါ။ ပြည်ထောင်စုအစိုးရအနေဖြင့် သိပါသလား။ သိပါက အဘယ်ကြောင့် နိုင်ငံခြားသဘော်သားများအဖြစ် လုပ်ကိုင်နေသောအလုပ်သမားများကို အဘယ်ကြောင့်ပိတ်ပင်ထားခဲ့ပါသနည်း။ မသိပါက စိစစ်ပြီးယခင်ခံစားမှုအတိုင်း ရရှိခံစားနိုင်ရေးအတွက်မည်သို့ဆောင်ရွက်ပေးပါမည်နည်း။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၃။**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အနေနဲ့ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ခုလို ဖြေကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မေးမြန်းထားတဲ့ နိုင်ငံခြားသင်္ဘောသားများအနေနဲ့ ၎င်းတို့ရရှိသောလစာထဲမှ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အခွန်ငွေအဖြစ်ဒေါ်လာဖြင့်အပြည့်ပေးသွင်းခဲ့ရသော်လည်းပဲ မော်တော်ကားတင်သွင်းခွင့်ပါမစ် လုံးဝမရရှိတော့ပါ။ မေးမြန်းချက်နဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားများအား တရားဝင်စုဆောင်းရရှိသောနိုင်ငံခြားငွေဖြင့် ပြည်ပမှမော်တော်ယာဉ်များတင်သွင်းခွင့်ကို ၁၉၉၇ ခုနှစ်အထိ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များခွင့်ပြုထုတ်ပေးခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လမှစပြီး နိုင်ငံခြားသင်္ဘောသားများအပါအဝင် တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံသားပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကို အများပြည်သူသုံးစွဲရန်နဲ့ တည်ဆောက်ရေးလုပ်ငန်းများမှာအဓိကအသုံးပြုသော ယန္တရားကြီးများ၊ ကုန်တင်ယာဉ်ကြီးများ၊ အများသုံးလူစီးဘတ်စ်ကားကြီးများ၊ မီနီဘတ်စ်များကိုတင်သွင်းခွင့်ပြုနေပါတယ်။ ပြည်ပမှာသွားရောက်အလုပ်လုပ်ကိုင်နေသော နိုင်ငံခြားသင်္ဘောသားများအပါအဝင် တရားဝင်စုဆောင်းရရှိသော နိုင်ငံခြားငွေရှိသူ နိုင်ငံသားတိုင်းအနေနဲ့ကုမ္ပဏီဖွဲ့စည်းပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားရယူပြီး မိမိရဲ့တရားဝင်နိုင်ငံခြားငွေကိုခွင့်ပြုတဲ့ မော်တော်ယာဉ်များ တင်သွင်းလို့ရပါတယ်။ ကိုယ်တိုင်ကုမ္ပဏီတည်ထောင်လိုခြင်းမရှိကလည်း မိမိစုဆောင်းရရှိတဲ့နိုင်ငံခြားငွေကိုပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိထားသူလုပ်ငန်းရှင်တစ်ဦးဦးရဲ့ ငွေစာရင်းကိုလွှဲပြောင်းပြီးမော်တော်ယာဉ်တင်သွင်းရန် အကျိုးတူဆောင်ရွက်နိုင်ပါကြောင်းလေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**သဃ်န်းကျွန်းမြို့နယ်ရှိအစ္စလာမ်ဘာသာဝင်များအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်မှဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅**။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဆက်လက်မေးမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အစ္စလာမ်ဘာသာဝင်များအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ခြင်း၊ သန်းခေါင်စာရင်းပြောင်းရွှေ့ခြင်း၊ မွေးစာရင်းတိုးခြင်းတို့ပြုလုပ်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှအကြောင်းအမျိုးမျိုးပြလျက် အချိန်ကြာမြင့်စွာဆိုင်းငံ့ထားသည်ကို ပြည်ထောင်စုအစိုးရကသိပါသလား။ သိပါကအဘယ်ကြောင့် နှစ်နှင့်ချီ၍ဆိုင်းငံ့ထားရပါသနည်း။ မသိပါက အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါမည်လား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၆**။

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့မေးမြန်းချက်ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်မှာ တရားဝင်အိမ်ထောင်စုဝင်လူဦးရေစာရင်းနှင့် နေထိုင်သူအိမ်ထောင်စုပေါင်း ၃၆၃၉၆ ဦးရှိပြီး လူဦးရေအနေနဲ့ ၁၇၃၃၂၉ ဦးရှိပါတယ်။ အဲဒီအနက်မှာ အစ္စလာမ်ဘာသာကိုးကွယ်သူအိမ်ထောင်စုဝင်ပေါင်း ၅၈၃၈ စုရှိပြီး၊ လူဦးရေအနေနဲ့ ၂၂၁၀၃ ဦးရှိပါတယ်။ ဒါကြောင့် အစ္စလာမ်ဘာသာဝင် လူဦးရေဟာတရားဝင်စာရင်းအရ တစ်မြို့နယ်လုံးလူဦးရေရဲ့ ရှစ်ပုံတစ်ပုံခန့်ရှိကြောင်း တရားဝင်စာရင်းအရ စိစစ်ရရှိချက်ကို ပထမဦးဆုံးအသိပေးပြောကြားလိုပါတယ်။ မေးမြန်းချက်မှာ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေးနဲ့ အိမ်ထောင်စုဝင်လူဦးရေစာရင်းထုတ်ပေးရေးကိစ္စဆိုပြီး အချက်နှစ်ချက်ပါရှိကြောင်းတွေ့ရပါတယ်။ နိုင်ငံတွင်းမှာ နေထိုင်တဲ့သူတွေနဲ့ပတ်သက်လို့ သတ်မှတ်အသက်

အရွယ်ကိုရောက်တဲ့အခါမယ် နိုင်ငံသားကတ်၊ ဧည့်နိုင်ငံသားကတ်၊ နိုင်ငံသားပြုကတ်နဲ့ အခြား
အထောက်အထားတစ်မျိုးမျိုးကိုကိုင်ဆောင်ကြရမှာဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ဆိုတာ
ကတော့ ဥပဒေပါနိုင်ငံသားအရည်အချင်းပြည့်မီသူတွေကိုသာ ထုတ်ပေးခြင်းဖြစ်ကြောင်း ကနဦး
ပြောကြားလိုပါတယ်။ မေးခွန်းမှာ ပထမအချက်ဖြစ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးနှင့်
ပတ်သက်ပြီးစိစစ်ကြည့်ရာမှာ သင်္ဃန်းကျွန်းမြို့နယ်မှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေအနက် အသက်
၁၀ နှစ်နဲ့ အထက်ရှိသူတွေကိုဥပဒေနဲ့အညီ ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးဖို့မှာ ၁၅၇၁၁ ဦးဖြစ်ပြီး၊
ထုတ်ပေးရန်ကျန်တဲ့ဦးရေက ၅၆၂၃ ဦးဖြစ်ပါတယ်။ လက်ရှိအချိန်ထိလုပ်ငန်းများရပ်ဆိုင်းမှုရှိ၊ မရှိ
စိစစ်နိုင်ဖို့ ၂၀၀၇ ခုနှစ်ကစပြီး မနေ့က ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့အထိ ငါးနှစ်တာကာလ
စာရင်းဇယားတွေကို ပြန်လည်စိစစ်ကြည့်ရာမှာ ရသင့်တဲ့ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးဖို့လျှောက်
ထားသူ ၇၂၁၁ ဦးအနက်က ရသင့်တဲ့ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးပြီးစီးမှုဟာ ၆၉၃၈ဦး ဖြစ်ပြီး
ထုတ်ပေးဖို့ကျန်တဲ့ဦးရေဟာ၂၇၃ဦး ဖြစ်ကြောင်းတွေ့ရပါတယ်။ ထုတ်ပေးဖို့ကျန်တဲ့အမှုတွဲတွေကို
စိစစ်ကြည့်ရာမှာ အများစုဟာ ၂၀၁၁ ခုနှစ်အတွင်း လက်ကျန်အမှုတွေဖြစ်ပြီးတော့ လက်ကျန်တွေဟာ
လာရောက်လျှောက်ထားသူတွေဘက်ကတင်ပြရမယ့် ဘိုးဘွားဆိုင်ရာအထောက်အထားမရှိတာတွေ၊
အိမ်ထောင်စုဝင်စာရင်းပါအမည်စာရင်းမှားယွင်းလို့ ပြင်ဆင်မှုမတက်နိုင်တာတွေ၊ နိုင်ငံခြားသား
အဖြစ်မှစွန့်လွှတ်ပြီး နိုင်ငံသားအဖြစ်ခံယူကြောင်းကျမ်းကျိမ်မှုမပြုသူတွေ စတာတွေကျန်နေပြီးတော့
အများစုဟာ ခိုင်မာတဲ့အထောက်အထားတွေ ပြန်မတင်ပြနိုင်သေးလို့ လာရောက်ဆက်သွယ်ဖို့
မရှိကြဘဲ ယာယီကတ်တစ်မျိုးမျိုးကိုပဲကိုင်ပြီး နေထိုင်နေကြတာတွေဖြစ်ကြောင်းဖော်ထုတ်သိရှိရ
ပါသည်။

ဒါ့အပြင် လတ်တလောဆောင်ရွက်နေတဲ့ ဖြေလျှော့ရေးစီမံချက်ကာလ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
၁ ရက်နေ့မှ မနေ့ကဩဂုတ်လ၂၅ ရက်နေ့အထိ ၅၆ ရက်တာကာလအတွင်းမှာ သင်္ဃန်းကျွန်းမြို့နယ်
အတွင်းမှာရှိတဲ့ အထောက်အထားပြည့်စုံစွာတင်ပြနိုင်တဲ့ အစ္စလာမ်ဘာသာဝင်တွေအတွက် ကတ်တစ်
မျိုးမျိုးထုတ်ပေးမှုမှာ ၂၆ ဦးရှိကြောင်းတွေ့ရပါတယ်။ အဲဒီကာလအတွင်းမှာ ဝန်ထမ်းတွေအနေနဲ့
သင်္ဃန်းကျွန်းမြို့နယ်အတွင်း ရပ်ကွက် ၃၈ ခုမှာ ကွင်းဆင်းဆောင်ရွက်ပေးမှု ၄၅ ကြိမ်ရှိခဲ့ပြီး ရုံးဖွင့်
ရက်သာမက စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မှာလည်း ရပ်ကွက် ၁၂ ခုကို ၁၃ ကြိမ် ကွင်းဆင်းဆောင်ရွက်
ပေးခဲ့ပြီးဖြစ်ပါတယ်။ စီမံချက်တွေနဲ့ပတ်သက်ပြီး မရှင်းလင်းတဲ့၊ အကူအညီလိုတဲ့ ရပ်ကွက်နေပြည်သူ
တွေကိုလည်း ကြိမ်ဖန်များစွာတွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့

အချက်တွေကိုကြည့်ရင် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းစဉ်များဟာ ဩဂုတ်လ ၂၅ ရက်နေ့ မနေ့ကအထိ နိုင်ငံတစ်ဝန်းဘယ်နေရာမှာမှဆိုင်းငံ့ရပ်ဆိုင်းနေခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပါကြောင်းအသိပေးပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးခွန်းပါ ဒုတိယ အချက်ဖြစ်တဲ့ အိမ်ထောင်စုဝင်လူဦးရေစာရင်းများထုတ်ပေးမှုကိုစိစစ်ကြည့်ရာမှာ သင်္ဃန်းကျွန်း မြို့နယ်အတွင်းကို အခြားဒေသမှပြောင်းဝင်လာတဲ့ ပြောင်းဝင်၃၉၈ဦး၊ အခြားဒေသသို့ပြောင်းရွှေ့ ထွက်ခွာသွားတဲ့ ပြောင်းထွက်၂၁၄ ဦးနဲ့ မွေးဖွားမှုကြောင့် လူဦးရေစာရင်းတိုးရတဲ့ မွေးတိုး ၄၀၆ ဦး ကိုထုတ်ပေးထားပြီးဖြစ်ကြောင်းတွေ့ရပါတယ်။ စီမံချက်လုပ်နေတဲ့ ၂၀၁၁ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ မှဩဂုတ်လ ၂၅ ရက်နေ့အထိ အိမ်ထောင်စုဝင်လူဦးရေစာရင်းထုတ်ပေးမှုကို သီးခြားထုတ်နှုတ် ကြည့်ရာမှာလည်း အစ္စလာမ်ဘာသာဝင်များအနေနဲ့ အိမ်ထောင်စုအလိုက်ပြောင်းဝင်နှစ်စု၊ တစ်ဦး ချင်းပြောင်းဝင်အပါအဝင် လူဦးရေ စုစုပေါင်း ၂၇ ဦး၊ အဲဒီကာလအတွင်း မွေးဖွားသူ ၂၃ ဦး စတာတွေကိုထုတ်ပေးမှုပြုလုပ်ခဲ့ကြောင်းစိစစ်တွေ့ရပါတယ်။ ၂၀၀၇ ခုနှစ်ကနေပြီးတော့ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့အထိ ငါးနှစ်တာကာလတစ်လျှောက်လုံးကို စိစစ်ကြည့်ရာမှာလည်း သင်္ဃန်းကျွန်းမြို့နယ်ထဲကို အစ္စလာမ်ဘာသာဝင်များ အခြားဒေသမှပြောင်းဝင်ခြင်း၊ အခြားဒေသသို့ ပြောင်းထွက်ခြင်း၊ မွေးဖွား၍လူဦးရေတိုးခြင်း၊ သေဆုံးသဖြင့်စာရင်းလျှော့ခြင်း စတဲ့လုပ်ငန်းများမှာ လုပ်ငန်းလက်ကျန်လုံးဝမရှိပါကြောင်းနှင့် ဩဂုတ်လ ၂၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးမှာ အိမ်ထောင်စုဝင်လူဦးရေစာရင်းနဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်မှုများမှာလည်း ဆိုင်းငံ့ရပ်ဆိုင်း ထားခြင်းလုံးဝမရှိပါကြောင်း စိစစ်ဖော်ထုတ်ရရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီနေရာမှာမေးခွန်းနဲ့ဆက်စပ်နေတဲ့ လူတစ်ယောက်အတွက် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ခွင့်ရခြင်း၊ မရခြင်းဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်အလျဉ်း သင့်လို့အနည်းငယ်ရှင်းပြလိုပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ မြန်မာနိုင်ငံသားဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်ကစပြီးတော့ မြန်မာနိုင်ငံသားဥပဒေ မပေါ်ပေါက်ခင်အချိန်အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံခြားသားများ၊ နိုင်ငံခြားသွေးနှောကပြားများ၊ နိုင်ငံသားဟုတ်၊ မဟုတ် သံသယရှိ သူတွေဟာ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေနဲ့ ၁၉၄၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေတို့အရ မြန်မာနိုင်ငံသားအဖြစ်ကို ရရှိဖို့လျှောက်ထား ခွင့်ရှိခဲ့ကြပါတယ်။ အဲဒီလိုလျှောက်ထားခဲ့လို့ ဥပဒေနဲ့လိုက်နာဆောင်ရွက်ခဲ့သူအများအပြားကို လည်း

နိုင်ငံတော်ကမြန်မာနိုင်ငံသားအဖြစ်အသိအမှတ်ပြုခဲ့ပေးပြီးဖြစ်ပါတယ်။ ၎င်းတို့ဟာ ဥပဒေအရသားစဉ်မြေးဆက်ခိုင်မာသောမြန်မာနိုင်ငံသားအဖြစ်ကိုလည်းရရှိခဲ့ပြီးဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေပေါ်ပြီးနောက်ပိုင်းမှာတော့ တိုင်းရင်းသားနဲ့ တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားသူမဟုတ်တဲ့ အခြားလူမျိုးနဲ့ အခြားလူမျိုးသွေးနှောတွေကို နိုင်ငံသားဖြစ်၊ မဖြစ်သတ်မှတ်ကြရာမှာ ၁၉၈၂ ခုနှစ်၊ ဥပဒေပုဒ်မ ၆ မှာ ဤဥပဒေအာဏာတည်တဲ့နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည်နိုင်ငံသားဖြစ်သည်ဆိုထားပါတယ်။ ပုဒ်မ ၇ မှာတော့ ဤဥပဒေအာဏာတည်ပြီးနောက် နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ၊ မွေးဖွားတဲ့ နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသူများ၊ နိုင်ငံသားနှင့် ဧည့်နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသူများ၊ နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးကမွေးဖွားသူများ၊ ဧည့်နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားတဲ့သားသမီးနှင့် နိုင်ငံသားသို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှမွေးဖွားသူများ နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးက မွေးဖွားသူသားသမီးနဲ့ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှမွေးဖွားသူများ စတာတွေဟာ နိုင်ငံသားလို့သတ်မှတ်ခဲ့ကြပါတယ်။ ဒါကြောင့် နိုင်ငံသားစစ်စစ်မဟုတ်သူများကို ကျွန်တော်စောစောကရှင်းပြခဲ့တဲ့ ပုဒ်မ ၆ နဲ့ ပုဒ်မ ၇ တို့အရ နိုင်ငံသားဖြစ်ကြောင်းအထောက်အထားပြည့်စုံစွာတင်ပြနိုင်မှသာ နိုင်ငံသားအဖြစ်သတ်မှတ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံသားအဖြစ်သတ်မှတ်နိုင်မှလည်း ကျန်တဲ့ကိစ္စများဟာ ဆက်လက်ဆောင်ရွက်လို့ရမယ့်ကိစ္စများဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၉ မှာနိုင်ငံသားတစ်ဦးဟာ မသမာသောနည်းလမ်းနဲ့ နိုင်ငံသားလက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်ကို သူတစ်ဦးရရှိစေရန် အားပေးကူညီလျှင် ထောင်ဒဏ်ခုနှစ်နှစ်နဲ့ ငွေကျပ် ၁၀၀၀၀ ကျခံစေရမည်ဟုအတိအလင်းဖော်ပြထားလို့ မိမိဝန်ထမ်းများအနေနဲ့လည်း ဘိုးဘွား၊ ဘိုးဘွားဆိုင်ရာအချက်အလက်များကို စနစ်တကျစိစစ်ရတဲ့တာဝန်ရှိသလို ကာယကံရှင်များဘက်ကလည်း အထောက်အထားအချက်အလက် ပြည့်စုံမှန်ကန်စွာတင်ပြနိုင်မှသာလျှင် ဥပဒေနှင့်ညီညွတ်ပါက နိုင်ငံသားအဖြစ်ရရှိမှာဖြစ်ပါတယ်။ ဒါကိုကြည့်ရင် နိုင်ငံသားစိစစ်ရေးကတ်ရဖို့ သတ်မှတ်ထားတဲ့နိုင်ငံသားအရည်အချင်းပြည့်စုံမှုရှိ၊မရှိဆိုတဲ့အချက်ဟာ အရေးကြီးပြီး စနစ်တကျအချိန်ယူစိစစ်ရန်လိုအပ်ကြောင်းသိရှိနိုင်မှာဖြစ်သလို ကြန့်ကြာမှုများဟာလည်းအများအားဖြင့် ကာယကံရှင်များရဲ့အထောက်အထား၊ အချက်အလက်မှန်ကန်ပြည့်စုံမှုအပေါ် လုံးဝမူတည်လျက်ရှိပါကြောင်း အသိပေးဖြေကြားအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့အချက်သုံးချက်ကို ဖြည့်စွက်တင်ပြလိုပါတယ်။ ပထမအချက်အနေနဲ့ ဒီဝန်ကြီးဌာနဟာ "မြေမြို၍လူမျိုးမပြုတ်၊ လူမြို့မှလူမျိုးပြုတ်မည် "ဆိုတဲ့ဆောင်ပုဒ်ကို အလေးထားဆောင်ရွက်လျက်ရှိတဲ့ဌာနတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံသားအရည်အချင်းပြည့်မီသူတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ လျင်မြန်လွယ်ကူစွာထုတ်ပေးရန်တာဝန်ရှိသလို နိုင်ငံသားအရည်အချင်းပြည့်မီခြင်းမရှိသူတွေကိုလည်း မှားယွင်းထုတ်ပေးမှုမပြုမိစေရန် အချိန်ယူစိစစ်ပေးရသည့် တာဝန်ရှိပါကြောင်းအသိပေးပြောကြားလိုပါတယ်။ ဒုတိယအချက်အနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးရေးလုပ်ငန်းစဥ်များဟာ ကိုးကွယ်တဲ့ဘာသာနဲ့ လူမျိုးအပေါ် အခြေခံစဥ်းစားခြင်းမဟုတ်ဘဲ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအပေါ် အခြေတည်၍သာဆုံးဖြတ်ခြင်းဖြစ်ပါတယ်။ ဤဥပဒေပြဋ္ဌာန်းချက်များအရ နိုင်ငံသားအရည်အချင်းပြည့်မီသူ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးကိုမဆိုနိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိပါကြောင်း အသိပေးပြောကြားလိုပါတယ်။ ကနေ့အချိန်ထိ မြန်မာနိုင်ငံတစ်ဝန်းမှာ လူမျိုးဘာသာမျိုးစုံပါဝင်တဲ့ ပြည်သူလူထုစုစုပေါင်း ၃၇၈၇၃၈၄၅ ဦးကိုနိုင်ငံသားစိစစ်ရေးကတ်ပြားများ အတည်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သာဓကအားဖြင့်တင်ပြလိုပါတယ်။ တတိယအချက်အနေနဲ့ ဒီဝန်ကြီးဌာနအနေနဲ့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကစလို့ မိုးဝင်အဆင့် ၁ အမည်နဲ့ နိုင်ငံသားစိစစ်ရေးကတ်နဲ့ အိမ်ထောင်စုဝင်လူဦးရေစာရင်းတွေကို ဖြေလျှော့ပေးတဲ့စနစ်တွေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အရှိန်အဟုန်နဲ့ဆောင်ရွက်ပေးနေတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ မနေ့က ဩဂုတ်လ ၂၅ ရက်နေ့အထိ စီမံချက်ကာလ ၅၆ ရက်အတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၉၁၄၄၄ ကတ်နဲ့ အိမ်ထောင်စုဝင်လူဦးရေစာရင်း ၇၄၁၂၈ စောင်ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ သဃ်န်းကျွန်းမြို့နယ်တစ်ခုတည်းမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၅၉ ခုနဲ့ အိမ်ထောင်စုဝင်လူဦးရေစာရင်း ၅၅၉ စောင်ကိုလည်းထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ စီမံချက်မတိုင်မီကာလကထက် ခုနှစ်ဆကျော်ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကိုကြည့်ရင် သဃ်န်းကျွန်းမြို့နယ်အတွင်းကျွန်တော်တို့ရဲ့ ဆောင်ရွက်နေမှုကို သုံးသပ်နိုင်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရတာဟာ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ နိုင်ငံသားမိဘနှစ်ပါးကမွေးဖွားတဲ့ နိုင်ငံသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားနဲ့ အိမ်ထောင်စုဝင်လူဦးရေစာရင်းများ သက်သာသောစရိတ်နှုန်းထားဖြင့်မြန်ဆန်စွာထုတ်ပေးနိုင်ရန် နည်းလမ်းရှိ၊ မရှိနဲ့ ရှိရင်ဘယ်တော့ဆောင်ရွက်ပေးမှာလဲဆိုတဲ့ မေးမြန်းချက်အပေါ်မှာ ဒီမေးမြန်းချက်ဟာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံအဖြစ် အလေးထားမှတ်ယူထားပြီး ပြည်သူ့ဆန္ဒကိုဖြည့်ဆည်းရန် ရည်ရွယ်ချက်နဲ့ အဖွဲ့အစည်းစုံနဲ့ ညှိနှိုင်းပြီးဆောင်ရွက်ခဲ့တာဖြစ်ပါ

တယ်။ စီမံချက်မစမီကာလကပဲ မြို့နယ်ရုံးတွေမှာ အသိပညာပေးဆိုင်းဘုတ်များကပ်ထားခြင်း၊ ဆက်သွယ်ဆောင်ရွက်ရန် တယ်လီဖုန်းနံပါတ်၊ Fax နံပါတ်များ ကြေညာခြင်း၊ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီအသံလွှင့်ဌာနတွေမှာ တွေ့ဆုံမေးမြန်းခန်းများပြုလုပ်ခြင်း၊ ကျေးရွာရပ်ကွက်အရောက် လက်ကမ်းစာစောင်များ ဝေငှခြင်း၊ အင်တာနက်၊ ဝက်ဆိုက်များမှ နေ့စဉ်အသိပေးအသီးသီးကြေညာခြင်းများပြုလုပ်ခဲ့ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူတွေအတွက် လုပ်ရမယ့်လုပ်ငန်းစဉ်တွေနဲ့သွေးနှောများအတွက် ဆောင်ရွက်ဖွယ်ရာများကိုလည်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ အခုလို ကျွန်တော်ထပ်မံရှင်းလင်းပြောကြားရခြင်းဟာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်နေကြောင်းနဲ့ အချိန်အခါမရွေးဆက်သွယ်မေးမြန်းနိုင်အောင် မီဒီယာနည်းပေါင်းစုံနဲ့ ကြိုတင်လမ်းဖွင့်ပေးခဲ့ပြီးဖြစ်ကြောင်းကို အသိပေးပြောကြားလိုခြင်းမျှသာဖြစ်ပါတယ်။ ဒါကြောင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့ ဤဝန်ကြီးဌာနကဆောင်ရွက်ပေးတဲ့ လုပ်ငန်းတာဝန်များနဲ့ ပတ်သက်လို့ မရှင်းလင်းခြင်း၊ နစ်နာသည်ဟုယူဆခြင်း၊ ဆောင်ရွက်မေးမြန်းလိုခြင်းများရှိပါက အခုအချိန်မှာ နယ်မြေကွင်းဆင်းဆောင်ရွက်နေချိန်ဖြစ်လို့ မြေပြင်မှာတွေ့ဆုံမေးမြန်းနိုင်သလို ဘယ်နေရာမှာပဲမဆိုတာဝန်ရှိသူအဆင့်ဆင့်နဲ့ တိုက်ရိုက်မေးမြန်းနိုင်ပါကြောင်းနဲ့ ပြည်သူများရဲ့လိုအပ်ချက်ကို ဥပဒေနဲ့အညီကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်းထပ်မံအသိပေးဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဆေးပညာဘွဲ့ရဆရာဝန်များကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်၌ ခန့်ထားပေးမှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်မှပင်မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထပ်မံမေးမယ့်မေးခွန်းကတော့ ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးပညာဘွဲ့ရဆရာဝန်များကို ကျန်းမာရေးဝန်ကြီးကခန့်အပ်ပေးမည်ဟု ပြောကြားသွားခဲ့ပြီး ၂၀၀၉ ခုနှစ်ဆေးပညာဘွဲ့ရသူများအား ခန့်အပ်မှုမရှိသေးသည်ကို သိပါသလား။ သိပါကအဘယ်ကြောင့်မခန့်အပ်သေးပါသနည်း။ မသိသေးပါက မည်သို့ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်နည်း။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၁၀။**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ သယ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနမှာ ဆရာဝန်များထမ်းဆောင်နေတဲ့ ရာထူးအဆင့်ဆင့်က စုစုပေါင်းခွင့်ပြု ၉၈၃၆ နေရာရှိတဲ့အနက် ကျွန်တော်တို့ ၇၅၆၀ နေရာမှာ ရာခိုင်နှုန်းအားဖြင့်တော့ ၇၆.၈၆ ရာခိုင်နှုန်းခန့်ထား တာဝန်ထမ်းဆောင်စေလျက်ရှိပါတယ်။ ဆေးတက္ကသိုလ်အသီးသီးကနေ ဆေးပညာဘွဲ့ရရှိတဲ့ ဆရာဝန်သစ်လွင်တွေကို ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနများမှာ လက်ထောက်ဆရာဝန် ဒါမှမဟုတ် အဆင့်တူနေရာများမှာ စတင်တာဝန်ထမ်းဆောင်စေပါတယ်။ အဓိကအားဖြင့်တော့ ကျွန်တော်တို့ ဆေးရုံဘက်၊ ကုသရေးဘက်လို့အသိများတဲ့ ကျန်းမာရေးဦးစီးဌာနနဲ့ သင်ကြားရေးဘက်လို့ အသိများတဲ့ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးနဲ့နှီးနွယ်တက္ကသိုလ်တွေမှာ ခန့်အပ်ပေးလျက်ရှိပါတယ်။ ယခုလက်ရှိမှာ ကျန်းမာရေးဦးစီးဌာနမှာ လက်ထောက်ဆရာဝန်ရာထူးနေရာ ၅၅၈၁ ခွင့်ပြုချက်ရှိတဲ့အနက် ၃၆၄၆ ဦးကိုခန့်အပ်ပြီးဖြစ်တဲ့နေရာမှာ ၁၉၃၅ နေရာလစ်လပ်လျက်ရှိပါတယ်။ ဆေးသိပ္ပံပညာဦးစီးဌာနမှာနည်းပြရာထူး ၉၂၂ နေရာရှိတဲ့အနက် ၆၅၄ နေရာခန့်ထားပြီးဖြစ်တဲ့နေရာမှာ ၂၆၈ နေရာ လစ်လပ်လျက်ရှိပါတယ်။ အဆိုပါလစ်လပ်လျက်ရှိတဲ့ရာထူး ၂၂၀၃ ခုအတွက်ကို ဆေးပညာဘွဲ့ရဆရာဝန်သစ်လွင်များ ဖြည့်စွက်ခန့်ထားရန် ကျွန်တော်တို့အစီအစဉ်ရှိပါတယ်။ ခန့်အပ်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မကြာမီခန့်ထားနိုင်မှာဖြစ်ပါတယ်လို့ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၁း၄၀ နာရီမှာ ပြန်လည်စတင်ပါမယ်။ ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ လွှတ်တော်အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်၊ ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာပါတင်ပြချက်များနှင့်ပတ်သက်ပြီးတော့မှ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပထမအချက်ကတော့ အခုစစ်ဆေးထားတဲ့ငွေစာရင်းများဟာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က စပြီးတော့မှ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဘတ်ဂျက်ခန့်မှန်းလျာထားချက်များ B.E များဖြစ်တဲ့အတွက် နှစ်လယ်ကာလ၌ပြုပြင်ရေးဆွဲရတဲ့ ခန့်မှန်းခြေငွေစာရင်းများ R.E (Revised Estimate) များကိုလည်းပဲ သက်ဆိုင်ရာကရရှိမယ်ဆိုရင် ထပ်မံစစ်ဆေးပြီးတော့မှ B.E နဲ့ R.E ပေါင်းစပ်ရေးဆွဲထားတဲ့ ငွေစာရင်းစစ်ဆေးပြုစုချက်များကို ကျွန်တော်တို့ ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ အနီးစပ်ဆုံး လွှတ်တော်သို့ ထပ်မံတင်ပြပေးဖို့ဆွေးနွေးအကြံပြုလိုပါတယ်။

ဒုတိယအချက်ကတော့ အစီရင်ခံစာပါ ပြည်ထောင်စုရငွေ၊ သုံးငွေအခြေအနေဖော်ပြရာမှာ သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ကို Current နဲ့ Capital ပေါင်းပြီးတော့မှ ဖော်ပြထားကြောင်းတွေ့ရပါတယ်။ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် Current နဲ့ Capital သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်များကို ကွဲပြားဖော်ပြပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါ့အပြင်

ပြည်ထောင်စုရငွေ၊ သုံးငွေအနေနဲ့ အခြေအနေမှာလည်း စုပေါင်းဖော်ပြထားကြောင်းတွေ့ရတဲ့အတွက် ဝန်ကြီးဌာနအလိုက်ရငွေ၊ သုံးငွေစာရင်းများကို ကျွန်တော်တို့ ခွဲခြားဖော်ပြပေးသင့်ကြောင်းနဲ့ သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်များကိုပါ ခွဲခြားဖော်ပြပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အလားတူပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်နှင့်တိုင်းများမှ ရငွေ၊ သုံးငွေအခြေအနေများကိုလည်းပဲ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်များကို ခွဲခြားဖော်ပြပေးသင့်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်အစီရင်ခံစာတွင် စာများရှုပ်နေမည်ဆိုပါက ကျွန်တော်တို့ နောက်ဆက်တွဲနဲ့ ဖော်ပြပေးသင့်ပါတယ်။ Current နဲ့ Capital စာရင်းကို ခွဲခြားသိရှိမှသာ Productive or non-Productive Expenditure များအဖြစ် ခွဲခြားသိရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရငွေ၊ သုံးငွေစာရင်းများကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ အခွန်ထမ်းပြည်သူများက ရှင်းလင်းမြင်သာစွာသိရှိမှသာလျှင် ယုံကြည်စိတ်နဲ့ အခွန်ပိုမိုထမ်းဆောင်လိုသည့် စိတ်ဓာတ်များတိုးတက်လာမှာဖြစ်ပါတယ်။ အလားတူပဲ မဟုတ်မမှန်စွပ်စွဲပြောကြားမှုများ၊ သံသယများလည်းပပျောက်သွားမှာဖြစ်ပါတယ်။ Transparency ရှိမှသာ Credibility ရရှိလာမှာ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ ကျွန်တော်ဆွေးနွေးလိုတဲ့အချက်ကတော့ ကျွန်တော်တို့အစီရင်ခံစာပါ လိုငွေနဲ့ GDP အချိုး၊ အခွန်အကောက်ရငွေနဲ့ GDP အချိုးတို့ကို ပြည်ထောင်စုတစ်ခုလုံးအနေနဲ့ တွက်ချက်ဖော်ပြထားသကဲ့သို့ ကျွန်တော်တို့ နောင်အခါများမှာလည်းပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ၌လည်းပဲ တွက်ချက်ဖော်ပြသင့်ကြောင်းအကြံပြုလိုပါတယ်။ ဒီစာရင်းများအရ ကျွန်တော်တို့နိုင်ငံအနေနဲ့ အခွန်အကောက်ရငွေနဲ့ GDP အချိုးမှာ ၂.၃၉ ရာခိုင်နှုန်းသာရှိတဲ့အတွက် ဒါလည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူများသိရှိအောင်ပြောကြားပြီးတော့မှ ကျွန်တော်တို့နိုင်ငံအနေနဲ့ အခွန်များအခြားအာဆီယံနိုင်ငံများနည်းတူ ပြောင်းလဲရရှိနိုင်ရေးအတွက်ကို အားလုံးထည့်သွင်းစဉ်းစားသင့်ကြောင်းနဲ့ အခွန်အကောက်ရရှိမှသာလျှင် နိုင်ငံတော်ရဲ့တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျွန်တော်တို့ပိုမိုလုပ်ဆောင်နိုင်မှာဖြစ်ကြောင်း ကျွန်တော်တို့ဆွေးနွေးလိုပါတယ်။ အလားတူပဲ လိုငွေနှင့် GDP အချိုးဟာလည်းပဲ ၄.၇၉ ရာခိုင်နှုန်းရှိနေပါတယ်။ လက်ခံနိုင်တဲ့အတိုင်းအတာရှိသော်လည်းပဲ ကျွန်တော်တို့ဆက်လက်ပြီးတော့မှ လိုငွေနှင့် GDP အချိုးမများစေရေးအတွက် ကြပ်မတ်သင့်ကြောင်းတင်ပြလိုပါတယ်။

စတုတ္ထအချက်အနေနဲ့ကတော့ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ သုံးသပ်ချက်များဟာ လျော်ကန်သင့်မြတ်တဲ့ သုံးသပ်ချက်များဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တင်ပြချက်ကို ကျွန်တော်တို့လွှတ်တော်ကအတည်ပြုပြီးရင် အဆိုပါသုံးသပ်ချက်များကို နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ပေးပို့တင်ပြသွားသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း

ကျွန်တော့်ရဲ့တင်ပြချက်ကိုနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆**။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ တစ်နေ့က လွှတ်တော်မှာတင်ပြခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာနဲ့ပတ်သက်ပြီး အချက်တစ်ချက်ကိုပဲ ဆွေးနွေးတင်ပြသွားလိုပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးပြည်နယ်များရဲ့အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းကိုဖော်ပြရာမှာ နိုင်ငံခြားငွေဖြင့် ရငွေ၊ သုံးငွေများ ရှိမှာဖြစ်သော်လည်း အစီရင်ခံစာမှာ ဖော်ပြထားတာမတွေ့ရှိရပါဘူး။ ဒီလိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံခြားငွေနဲ့ ရငွေ၊ သုံးငွေများကို မြန်မာကျပ်ငွေဖြင့် တန်ဖိုးသင့်တွက်ချက်ပြီး ပြည်တွင်းရငွေ၊ သုံးငွေများနှင့် တစ်ပေါင်းတည်း တွက်ချက်ထားတယ်လို့ယူဆမိပါတယ်။ ဒီလိုဆိုရင်လည်း တွက်ချက်ထားရာမှာ အသုံးပြုတဲ့ နိုင်ငံခြားငွေနဲ့ မြန်မာကျပ်ငွေတို့ရဲ့ လဲလှယ်နှုန်းထားကိုဖော်ပြပေးရမှာဖြစ်ပါတယ်။ တွက်ချက်တဲ့နေရာမှာ တရားဝင်သတ်မှတ်ထားတဲ့ငွေလဲလှယ်နှုန်း တစ်ဒေါ်လာ ၆ ကျပ်ဖြင့် တွက်ချက်ထားပါက ပြင်ပဈေးကွက်ပေါက်ဈေးနဲ့ အလွန်အမင်းကွာခြားနေလို့ ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်လိုငွေ၊ ပိုငွေပြ စာရင်းဟာ တကယ့်အခြေအနေမှန်ကိုမထင်ဟပ်နိုင်ပါ။ တကယ့်အခြေအနေမှန်ကိုမထင်ဟပ်နိုင်ရင် ကျွန်တော်တို့ပြည်ထောင်စုအစိုးရဟာ ခြိုးခြံချွေတာရမှာလား။ လစာမလုံမလောက်ဖြစ်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လစာတိုးပေးနိုင်မှာလား စတဲ့အရေးကြီးတဲ့ ကိစ္စများကို ဆောင်ရွက်ဖို့မှာ မှန်ကန်ချက်၊ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှာမဟုတ်ပါဘူး။ ထို့အတူပါပဲ ကျွန်တော်တို့ အခွန်အကောက်ရငွေကိုလည်း နိုင်ငံခြားငွေနဲ့ရတဲ့ အခွန်အကောက်ရငွေတွေရှိပါလိမ့်မယ်။ အဲဒီရတဲ့ အခွန်အကောက်ရငွေကိုလည်း တစ်ဒေါ်လာ ၆ ကျပ်နှုန်းနဲ့သာ တွက်ချက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီ GDP နဲ့ အခွန်အကောက်ရငွေအချိုးဟာလည်း မှန်ကန်မှာမဟုတ်ပါဘူး။ ဒါ့ကြောင့် နောက်နောင်တင်ပြမယ့်စာရင်းများမှာ နိုင်ငံခြားငွေဖြင့် ရငွေ၊ သုံးငွေများကိုလည်းဖော်ပြပြီး ဘတ်ဂျက် လိုငွေ၊ ပိုငွေကိုတွက်ချက်တဲ့အခါမှာလည်း အသုံးပြုတဲ့ငွေလဲလှယ်နှုန်းကို ပူးတွဲဖော်ပြပေးဖို့ လိုအပ်ပါကြောင်း လေးစားစွာအကြံပြုအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းသီဟကျော် ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ကျွန်တော်ဆွေးနွေးမယ့် အကြောင်းအရာကတော့ ၂၃-၈-၂၀၁၁ ရက်နေ့မှာ လွှတ်တော်ကိုတင်သွင်းသွားတဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပေးလိုက်တဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အဓိကလုပ်ငန်းတာဝန်မှာ ပြည်ထောင်စုအစိုးရရဲ့ အသုံးစာရင်းနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့အစီရင်ခံစာ၊ စရိတ်ဆိုရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသောကိစ္စရပ်အတွက် သုံးစွဲခြင်းရှိ၊ မရှိ။ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ၊ မရှိနှင့်ခွင့်ပြုတဲ့ ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာသုံးစွဲခြင်းရှိ၊ မရှိကိုစိစစ်ရမှာဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ စစ်ဆေးခြင်းလုပ်ငန်းများကို ယခုအခါမှာ အပြည့်အဝစိစစ်ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က ဖိတ်ကြားမေးမြန်းကြားနာခဲ့ရာ သိရှိခဲ့သည်များကို သုံးသပ်ရပါတယ်။ နိုင်ငံတော်ဘတ်ဂျက်သည်လိုငွေပြနေသော်လည်း လိုငွေနှင့် GDP အချိုးမှာ ၅ ရာခိုင်နှုန်းအောက်ဖြစ်သဖြင့် လက်ခံနိုင်သောအနေအထားဖြစ်ပါတယ်။ ဘတ်ဂျက်နှင့်ပတ်သက်၍ အဓိကထောက်ပြလိုတာကတော့ GDP နဲ့ အခွန်ရငွေအချိုးရာခိုင်နှုန်းဖြစ်ပါတယ်။ ယမန်နှစ်က GDP နဲ့ အခွန်ရငွေရာခိုင်နှုန်းဟာ ၃.၂ ရာခိုင်နှုန်းဖြစ်သော်လည်း ၂၀၁၁-၂၀၁၂ ခန့်မှန်းခြေငွေစာရင်းမှာ ၂.၃၉ ရာခိုင်နှုန်းသာရှိတဲ့အတွက် အခွန်ရငွေမှာနည်းပါးနေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ အခွန်နှုန်းထားဟာ နိုင်ငံတကာနှင့်ယှဉ်ရင်မနည်းပါ။ ဒါကြောင့် အခွန်နှုန်းကိုမတိုးဘဲ အခွန်ကောက်ခံမှုစနစ်ကိုသာ ပြင်ဆင်ကောက်ခံမယ်ဆိုရင် အခွန်ရငွေတိုးလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာလွှတ်တော်များကို လေ့လာတဲ့အခါမှာ လွှတ်တော်ဟာ အစိုးရရဲ့ လုပ်ဆောင်မှုများကို ပြည်သူ့ကိုယ်စားစောင့်ကြည့်ပြီး ပြည်သူတို့ရဲ့ဆန္ဒနဲ့အညီ ထိန်းညှိပေးရမှာဖြစ်ပါတယ်။ လွှတ်တော်များမှ ဥပဒေပြုခြင်းသည် အစိုးရအားတိုင်းပြည်ကိုမည်ကဲ့သို့ စီမံအုပ်ချုပ်ရမည်ကို လမ်းညွှန်ပြသခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာ ပြည်သူ့ငွေစာရင်းကော်မတီ ဒါမှမဟုတ်

ဘတ်ဂျက်ကော်မတီတွေဟာ အစိုးရရဲ့ဘတ်ဂျက်ရေးဆွဲမှုကို အစိုးရရဲ့တာဝန်ရှိတဲ့အဖွဲ့အစည်းများနဲ့ ကြိုတင်ညှိနှိုင်းပြီး လမ်းညွှန်ချက်ပေးခြင်း၊ ပင်မဘတ်ဂျက်ကို ပြင်ဆင်အတည်ပြုပေးခြင်း၊ အစိုးရအဖွဲ့မှ လိုအပ်ချက်အရ နောက်ထပ်ရငွေများလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန်တင်ပြတဲ့ ဥပဒေကြမ်းကို စိစစ်အတည်ပြုပေးခြင်းများ မဖြစ်မနေဆောင်ရွက်ကြရပါတယ်။ နိုင်ငံအတော်များများကို လေ့လာရာမှာ လွှတ်တော်အစည်းအဝေးများကို တစ်နှစ်ပတ်လုံးနီးပါးကျင်းပကြတဲ့အတွက်ကြောင့် ဘတ်ဂျက် အတည်ပြုဖို့ လွှတ်တော်အစည်းအဝေးသီးခြားခေါ်ယူကျင်းပခြင်းမရှိတာကိုတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၃(က)မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးသည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ဂ)မှာ ပုဒ်မခွဲ(ခ)ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကို ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ် ခြင်း၊ လျှော့ပေါ့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(င)မှာ ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားသောရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါနည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက် ရမည်ဟုလည်းကောင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် ဖော်ပြထားပါတယ်။

သို့ဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုအစိုးရအဖွဲ့အား လမ်းညွှန်မှု ပေးနိုင်ရန်နှင့် ဘတ်ဂျတ်များလိုအပ်သလိုပြင်ဆင်အတည်ပြုပေးနိုင်ရန် လွှတ်တော်ကို တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ် ခေါ်ယူကျင်းပရန် လိုအပ်ကြောင်းတွေ့ရပါတယ်။ ဒါကြောင့် ပင်မဘတ်ဂျတ် ဥပဒေကြမ်းကိုလိုအပ်သလိုပြင်ဆင်အတည်ပြုပေးနိုင်ရန်အတွက် ဇန်နဝါရီလခန့်မှာတစ်ကြိမ်၊ ပြည်ထောင်စု အစိုးရမှတင်ပြတဲ့ နောက်ထပ်ဘဏ္ဍာငွေလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် ဥပဒေကြမ်းကို အတည်ပြုနိုင်ရေးအတွက် စက်တင်ဘာလခန့်မှာတစ်ကြိမ်၊ ယမန်နှစ်ဘတ်ဂျတ်ကိုသုံးသပ်ခြင်းနှင့် လာမည့်နှစ် ဘတ်ဂျတ်ရေးဆွဲနိုင်ရေးအတွက် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ အထူးစီမံကိန်းကြီးများ ဆိုင်ရာမူဝါဒများချမှတ်လမ်းညွှန်ပေးရန်အတွက် ဘဏ္ဍာနှစ်ကုန်ပြီး မေလခန့်တွင်တစ်ကြိမ်၊ ပြည်ထောင်စုလွှတ်တော်ကိုခေါ်ယူကျင်းပရန်လိုအပ်မယ်လို့ယူဆပါတယ်။

နိဂုံးချုပ်တင်ပြရပါလျှင် ပြည်သူ့ငွေစာရင်းကော်မတီမှတင်ပြသော အစီရင်ခံစာမှာ သင့်တင့်လျောက်ပတ်ပါသဖြင့် ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါကြောင်းနှင့် ဖြည့်စွက်အကြံပြုလိုသည်မှာ ပြည်ထောင်စုအစိုးရကို ပြည်သူတို့၏ကိုယ်စား ပြည်ထောင်စုလွှတ်တော်မှ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေရေးဆွဲမှုအား အတည်ပြုပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကို ဘဏ္ဍာနှစ်အတွင်း အနည်းဆုံးသုံးကြိမ် ခေါ်ယူကျင်းပသင့်ပါကြောင်းဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအောင်လင်းလှိုင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၅**။

**ဦးအောင်လင်းလှိုင်(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးအေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ တင်သွင်းတဲ့ အစီရင်ခံစာ(၁/၂၀၁၁)အပေါ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ (၂၁)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ ပြည်သူ့ငွေစာရင်းကော်မတီကို ၃-၃-၂၀၁၁ ရက်နေ့မှာဖွဲ့စည်းခဲ့ပြီး ကော်မတီရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နဲ့ အခွင့်အရေးများကို သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီဟာ ဖွဲ့စည်းပြီးတာနဲ့အညီ ၂၀၁၁ ခုနှစ် ၊ မတ်လ ၃ ရက်နေ့မှစ၍ သြဂုတ်လ ၂၀ ရက်နေ့အထိ အစီရင်ခံစာတင်သွင်းသည့်ကာလအတွင်း ငွေစာရင်းနှင့်ပတ်သက်တဲ့ စိစစ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေမယ့်လည်း ကော်မတီအနေနဲ့ ဘတ်ဂျက်နဲ့ပတ်သက်တဲ့ စိစစ်ခြင်းများ လုပ်ဆောင်ရခြင်းမရှိပေမယ့် အမြဲတမ်းကော်မတီများနဲ့ပူးပေါင်း၍ စာတမ်းများပြုစုခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းနဲ့ အရည်အချင်းများပြည့်ဝလာစေရန် သက်ဆိုင်ရာဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ရှင်းလင်းပြောကြားနိုင်သူတို့အားဖိတ်ကြား၍ မေးမြန်းလေ့လာနိုင်ခဲ့ကြပါတယ်။ အဲဒီလို မေးမြန်းလေ့လာချက်ပေါ်မှာ ပြန်လည်သုံးသပ်ချက်များကိုကြည့်မယ်ဆိုလို့ ရှိရင်ခုန မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ပြောခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ GDP အချိုးနဲ့ အခွန်ရငွေအချိုး၊ တစ်ခါအသုံးစရိတ်ငွေစာရင်းနှင့် ဘတ်ဂျတ်အသုံးစရိတ်ငွေစာရင်းနဲ့ GDP အချိုး

အသုံးစရိတ်ငွေစာရင်းနဲ့၊ သည်းခံပါခင်ဗျား။ အဓိကထောက်ပြလိုတာကတော့ GDPနဲ့ အခွန်ရငွေ အချိုးကို ခုန မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်ပြောသွားတဲ့ အချက်ပေါ်မှာမူတည်ပြီးတော့ ၂.၃၉ ရာခိုင်နှုန်းဆိုတာ ကျွန်တော်တို့အနေနဲ့ ဝင်းအခွန်နှုန်းထားများဟာသင့်တင့်မှုရှိပါတယ်။ ဒါမှမဟုတ်အခွန်နှင့်ပတ်သက်တဲ့ ဒီ အခွန်ကိုမတိုးဘဲ ကောက်ခံမှုစနစ်ကိုတိုးမယ်ဆိုလို့ရှိရင်တော့ အခွန်နှုန်းထားတွေဟာတိုးလာမှာဖြစ်ပါတယ်။ ဒါမှသာလျှင် နိုင်ငံတကာနဲ့ယှဉ်လို့ရှိရင် တဖြည်းဖြည်းနဲ့ အခွန်နှုန်းထားတိုးတယ်ဆိုရင်ဖြင့် GDP အချိုးဟာတဖြည်းဖြည်းမြင့်တက်လာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ခုနပြောခဲ့တဲ့အတိုင်းပဲ နိုင်ငံတကာမှာ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လုပ်ရပ်ဟာ ပင်မဘတ်ဂျက်ကိုပြင်ဆင်ခြင်း၊ အတည်ပြုပေးခြင်း၊ အစိုးရအဖွဲ့မှ လိုအပ်ချက်အရ နောက်ထပ်သုံးငွေများလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန်တင်တဲ့ဥပဒေကြမ်းကို စိစစ်အတည်ပြု ပေးခြင်းများကို မဖြစ်မနေဆောင်ရွက်ကြရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ခုန ၁၀၃(ဂ)နှင့် (င) တို့အရ ဘတ်ဂျက်နဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန်လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စု လွှတ်တော်ကို ပင်မဘတ်ဂျက်ဥပဒေကြမ်းကို လိုအပ်သလိုပြင်ဆင်အတည်ပြုပေးနိုင်ရန် ဇန်နဝါရီလ မှာလည်းကောင်း၊ အစိုးရမှတင်ပြတဲ့ နောက်ထပ်ရငွေများကိုလျာထားရန်နှင့် သုံးငွေများကိုခွင့်ပြုရန် ဥပဒေကြမ်းကိုအတည်ပြုနိုင်ရန်အတွက် စက်တင်ဘာလမှာတစ်ကြိမ်လည်းကောင်း၊ ယမန်နှစ် ဘတ်ဂျက်ကိုသုံးသပ်ခြင်းနဲ့ လာမယ့်နှစ်ဘတ်ဂျက်ရေးဆွဲနိုင်ရန်အတွက် ဘဏ္ဍာရေးမူဝါဒတွေ၊ ငွေကြေးမူဝါဒတွေ၊ အထူးစီမံကိန်းကြီးများဆိုင်ရာမူဝါဒတွေကို ချမှတ်လမ်းညွှန်ပေးနိုင်ရန်အတွက် ဘဏ္ဍာနှစ်ကုန်ပြီး မေလမှာတစ်ကြိမ်လည်းကောင်း ကျင်းပပေးရန်လိုအပ်လှတယ်လို့ ဆွေးနွေး လိုပါတယ်။ အချုပ်အားဖြင့်တင်ပြရရင်တော့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တင်ပြတဲ့အစီရင်ခံစာ များမှာ သင့်တင့်လျောက်ပတ်ပြီး လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ထားကြောင်းကိုတွေ့ရှိရ ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးလိုတာကတော့ ပြည်ထောင်စုအစိုးရရဲ့ နှစ်စဉ်ဘဏ္ဍာ ငွေအရအသုံးခန့်မှန်းခြေရေးဆွဲမှုကို ပြည်သူလူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်မှ အတည်ပြု ပေးနိုင်ရန် တစ်နှစ်သုံးကြိမ်ခေါ်ယူပေးနိုင်ရန် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်ရဲ့ ပြောကြားတဲ့ အတိုင်းဖြစ်တာနဲ့အညီ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကိုတင်သွင်းတဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့အစီရင်ခံစာ ၁/၂၀၁၁ အားထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကိုသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်း ဥပဒေ ၅၂၊ နည်းဥပဒေခွဲ (ဂ) အရ ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံအဆိုတင်သွင်းခြင်းနဲ့ အတည်ပြုချက်ရယူခြင်းများဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၁။**

**ဦးသူရိန်ဇော် ( ကော့ကရိတ်မဲဆန္ဒနယ် )။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော် ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့က ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ကိုယ်စား အတွင်းရေးမှူး ဦးမောင်တိုးမှ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးသို့ ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှ ဩဂုတ်လ ၂၀ ရက်နေ့အထိ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာ ၁/၂၀၁၁ အားတင်သွင်းခဲ့ပါတယ်။ အဆိုပါ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာအား လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ “အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမှာ စတုတ္ထနေ့က တင်သွင်းထားတဲ့ **အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဒီလွှတ်တော်က မေတ္တာရပ်ခံကြောင်း**အဆိုနဲ့စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးကအမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ တောင်ကြီး မဲဆန္ဒနယ်မှ ဦးစံလင်းအားဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဦးစံလင်း(တောင်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းသာကြပါစေကြောင်း ဆန္ဒပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံလင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း အဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအစိုးရလက်ထက် လပိုင်းအတွင်းမှာပဲ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ကို နှစ်ကြိမ်တိုင်တိုင်ထုတ်ပြန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုလို တိုင်းသူပြည်သားများအပေါ် မေတ္တာစေတနာထား ဆောင်ရွက်ခဲ့ခြင်းကို ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါကြောင်း ဦးစွာတင်ပြအပ်ပါ တယ်။ အခုလိုဆောင်ရွက်ပေးခဲ့ခြင်းများဟာ သမ္မတကြီးအနေနဲ့မိမိရဲ့ပြည်သူများအပေါ်ထားရှိတဲ့ စေတနာမေတ္တာကို မဆိုင်းမတွဖော်ပြဆောင်ရွက်ပေးလိုက်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း မကြာခင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီလွတ်ငြိမ်းချမ်းသာခွင့်ကိုဆက်လက်ပြီး ဆောင်ရွက်ပေးသွား လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်ပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး အနေနဲ့လွတ်ငြိမ်း

ချမ်းသာခွင့်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နဲ့ပြည်သူများအကျိုးရှိနိုင်တဲ့ ဆောင်ရွက်ချက်ဖြစ်တဲ့အတွက် ကာယကံရှင်ပြစ်ဒဏ်ကျခံနေရသူများနဲ့ မိသားစုများတွင်သာမကဘဲ ပြည်သူတစ်ရပ်လုံးကပါ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့က ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့် ဆွေးနွေးတင်ပြသွားတဲ့အထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများလို့ သုံးစွဲခဲ့တာ ကြားသိရပါတယ်။ ဒီအသုံးအနှုန်းဟာ မြန်မာပြည်တွင်းဖြစ်စကားလုံးမဟုတ်ဘဲ နိုင်ငံခြားက Import လုပ်လာတဲ့စကားလုံးတွေများဖြစ်နေမလားလို့ ကျွန်တော်သံသယဖြစ်မိပါတယ်။ ယုံကြည်ချက်ကြောင့် ဆိုတဲ့စကားဟာ ဂိုဏ်းဂဏသင့်သော၊ မလွတ်ကင်းသော အသုံးအနှုန်းမျိုးဖြစ်ပါတယ်။ ယုံကြည်ချက်ရှိသူတွေကို ဖမ်းဆီးအရေးယူအကျဉ်းချနေတဲ့သဘောသက်ရောက်နေပါတယ်။ မြင့်မြတ်တဲ့စိတ်ထားနဲ့ ပြည်သူအားလုံးအပေါ်ဖော်ဆောင်ပေးနေတဲ့ အစိုးရရဲ့စေတနာကို ဒီလို အသုံးအနှုန်းများကြောင့် အထင်အမြင်လွဲမှားမှုဖြစ်စေမှာကိုစိုးရိမ်မိပါတယ်။ တကယ်တော့ ကျွန်တော်တို့သိနေတာက အပြစ်ဒဏ်ကျခံနေရခြင်းများဟာ လောဘ၊ ဒေါသ၊ မောဟ ဦးစီးပြီး နိုင်ငံတော်ရဲ့တည်ဆဲဥပဒေ တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ခဲ့ကြတဲ့အတွက် ပြစ်ဒဏ်ကျခံရခြင်းဖြစ်တယ်လို့ နားလည်ထားပါတယ်။ အခုလည်းပဲ နိုင်ငံတော်သမ္မတကြီးရဲ့လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဟာ ဒီနေ့လူပြောများနေတဲ့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုတဲ့စကားလုံးများထက် လေးနက်မှုရှိတဲ့ဆောင်ရွက်ချက်ဖြစ်တယ်လို့သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အကျဉ်းသားများဟာ ပြည်သူကပေါက်ဖွားလာတဲ့ ပြည်သူတွေပဲဖြစ်တာမို့ အကျဉ်းသားများအပေါ် ကျွန်တော်တို့စာနာထောက်ထားမှု အပြည့်အဝထားရှိပါတယ်ခင်ဗျား။ အကျဉ်းကျခံရသူများရဲ့ လူ့စွမ်းအားအရင်းအမြစ်များဟာလည်း နိုင်ငံတော်နဲ့ပြည်သူများရဲ့ အကျိုးအပေါ်သက်ရောက်စေမှာဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတကြီးက အထွေထွေလွတ်ငြိမ်း ချမ်းသာခွင့်အမိန့်များဆက်လက်ထုတ်ပြန်နိုင်ရေးအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံစဉ်းစားသင့်ပါကြောင်း လေးစားစွာထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်လှဲ့လှဲ့ဝင်းဆွေ၊ တာမွေမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဒေါ်လှဲ့လှဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဲ့လှဲ့ဝင်းဆွေဖြစ်ပါတယ်။ လေးစားအပ်ပါ

သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့အနေနဲ့ နိုင်ငံတော်အတွင်းမှာရှိတဲ့ ပြစ်မှုအမျိုးမျိုးတို့ကြောင့် ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသားများအနက် လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်သူများကို မည့်သူကိုမှခြွင်းချက်မထားဘဲထပ်မံ၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးအဆိုကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံတင်ပြခဲ့ပြီးဖြစ်ပါတယ်ရှင့်။ သို့ပါသော်လည်း သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များဆက်လက်ထုတ်ပြန်နိုင်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်းအဆိုကိုတင်ပြသွားပါသဖြင့် ၎င်းအဆိုအားကျွန်မအနေဖြင့် သုံးသပ်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်ရှင့်။

ဒီအဆိုကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များဆက်လက်ထုတ်ပေးရန် မေတ္တာရပ်ခံကြောင်းအဆိုအဖြစ်တင်သွင်းခြင်းသာဖြစ်ရမှာဖြစ်ပါတယ်။ သို့သော်ငြားလည်း နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံပေးရန်ဆိုတဲ့အချက်သည် လွှတ်တော်တစ်ခုလုံးကိုအမိန့်ပေးအသုံးချခြင်း၊ လွှမ်းမိုးချုပ်ကိုင်လိုခြင်းများပေါ်ပေါက်နေပါသဖြင့် ဤကဲ့သို့အသုံးအနှုန်းများ ဆွဲယူသုံးနှုန်းမှုမျိုးမဖြစ်သင့်ကြောင်း၊ လွှတ်တော်ကသာ သမ္မတကြီးထံသို့တင်ပြပြီးဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တယ်လို့ ကျွန်မကတော့ယုံကြည်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယခင် လွှတ်ပြီးတဲ့အကျဉ်းသားများစွာအတွက် နိုင်ငံတော်အစိုးရအပေါ်မှာ ကျွန်မတို့အားလုံးက တသိမ့်သိမ့်နဲ့တစိမ့်စိမ့်အထူးပဲကျေးဇူးတင်လျက်ရှိနေကြပါတယ်။ ဒါကို ငါ့လူတွေမပါရကောင်းလားဆိုပြီး မိမိရဲ့ပုဂ္ဂလိကခံစားချက်ကို ပြည်သူ့ကိုယ်စားလှယ်ကြီးများရှိတဲ့ ကျွန်မတို့ရဲ့လွှတ်တော်ကြီးရဲ့ရှေ့မှောက်မှာ နိုင်ငံရေးစင်မြင့်သဖွယ် အသုံးမချသင့်ပါဘူးလို့ မြင့်မြတ်တဲ့စိတ်ထားနဲ့ ကျွန်မကတော့ရိုးသားစွာယုံကြည်မိပါတယ်ရှင့်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်သမ္မတဦးဆောင်နေတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်အနေနဲ့ နိုင်ငံတော်ကြီးကိုစတင်တာဝန်ယူခဲ့တဲ့အချိန်မှာ ထင်ရှားလှတဲ့ပထမခြေလှမ်းအဖြစ် ၁၆-၅-၂၀၁၁ ရက်နေ့ နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် ၂၈/၂၀၁၁ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်ကိုထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ အမိန့်မှာ သေဒဏ်ချမှတ်ခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ ထောင်ဒဏ်ကျခံနေရသူများအတွက် ယင်းတို့အပေါ်သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော ပေါ့လျှော့ရက်အပြင် တစ်နှစ်ထပ်မံလျှော့ပေါ့စေရန်အတွက်လည်းကောင်း ဖော်ပြခဲ့ပါတယ်ရှင့်။ အဆိုပါအမိန့်အရ အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်အလုပ်စခန်းများမှ ၁၇-၅-၂၀၁၁ ရက်နေ့တွင်

လွတ်မြောက်သည့်အကျဉ်းသား၊ အကျဉ်းသူစုစုပေါင်း ၁၄၇၅၈ ဦးဖြစ်ကြောင်းသိရှိရပါတယ်။ ထို့ပြင် သေဒဏ်ပြစ်ဒဏ်ကျအကျဉ်းသား ၆၅၇ ဦးတို့မှာ သေဒဏ်ပြစ်ဒဏ်မှထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲကျခံခဲ့ရပါတယ်။ အဆိုပါအမိန့်နှင့် အကျုံးဝင်တဲ့ ၁၈-၅-၂၀၁၁ ရက်နေ့မှ ၃၁-၇-၂၀၁၁ ရက်နေ့အထိ အကျဉ်းသား ၂၈၅၁ ဦး ထပ်မံလွတ်မြောက်ခဲ့ကြောင်းလည်းတွေ့ရှိရပါတယ်။ အလားတူ လက်ရှိအခြေအနေတွင် လွတ်မြောက်ခြင်းမရှိသေးသူအကျဉ်းသား၊ အကျဉ်းသူများအနေဖြင့်လည်း ၎င်းတို့အပေါ်သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးဖြစ်သော လျှော့ပေါ့ရက်များအပြင် တစ်နှစ်ထပ်မံလျှော့ပေါ့နိုင်တဲ့အခွင့်အရေးကို လွတ်မြောက်သွားကြသူများနှင့် တန်းတူအခွင့်အရေး ရရှိမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားခဲ့ပါတယ်ရှင်။ အဆိုပါလျှော့ပေါ့အမိန့်ကြောင့် ၁၇-၅-၂၀၁၁ ရက်နေ့တွင် လွတ်ရက်စေ့မြောက်ခြင်းမရှိသေးသည့် အကျဉ်းသား ၄၁၇၆၅ ဦးတို့မှာ အထူးလျှော့ရက် တစ်နှစ်ကိုခံစားခွင့်ရရှိခဲ့ကြောင်းကိုလည်းသိရှိရပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် အကျဉ်းသူ၊ အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ မိသားစုများအား ငဲ့ညာသောအားဖြင့်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ အရ ယခုကဲ့သို့ ပြစ်ဒဏ်များလျှော့ပေါ့ပေးလိုက်ခြင်းအပေါ် ကာယကံရှင်ပြစ်ဒဏ်ကျခံနေရသူများနှင့် မိသားစုဝင် များသာမကဘဲ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးကပါ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ကြိုဆို ခဲ့ကြပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ် အေးချမ်းရေးသည် တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများဖြင့် အုပ်ချုပ်မှသာ ပြည်သူများရဲ့ဘဝဟာလုံခြုံစွာဖြင့် စိတ်ချလက်ချအေးချမ်းစွာ နေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ရှေးရှုပြီး ယုံကြည်ချက်ကြောင့်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တည်ဆဲဥပဒေတစ်ခုခုအား ချိုးဖောက်သူများကိုသာ တရားဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံစေခဲ့တာကို ကျွန်မအနေနဲ့လေ့လာတွေ့ရှိရပါတယ်။ သို့သော်ငြားလည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ ပြည်သားများကို သားသမီးသဖွယ် ရင်ဝယ်သားကဲ့သို့ မေတ္တာတရားရှေးရှု၍လည်းကောင်း နိုင်ငံတစ်ခုထူထောင်တဲ့နေရာမှာ လက်တွေ့ကျကျပါဝင်ဆောင်ရွက်လိုသော စိတ်စေတနာရှိသူများ နှင့် ထူထောင်ရေးမှာပါဝင်ဆောင်ရွက်နိုင်သောအရည်အချင်းရှိသူများ အထူးပင်လိုအပ်လှပါ တယ်ရှင်။ ဤကဲ့သို့သော ပုဂ္ဂိုလ်များအရေးအတွက်များပြားနိုင်သမျှများပြားလာအောင် စည်းရုံး သိမ်းသွင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အကျဉ်းထောင်ကဲ့သို့သောနေရာမျိုးတွင် အကျဉ်းသား အရေအတွက်လည်း နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်သွားရန်လိုအပ်လှပါတယ်။ မိဘဆိုသည်မှာ

တောင်းဆိုးပုလုံးဆိုးသာပစ်ရိုးထုံးစံရှိပါတယ်။ သားဆိုး၊ သမီးဆိုးများကို မည်သည့်သောအခါပါမှ ပစ်ရိုးထုံးစံမရှိသည့်အတွက် အပြစ်ဒဏ်ကျခံနေရသော သားသမီးများအား နိုင်ငံတော်သစ် တည်ဆောက်တဲ့နေရာမှာ တစ်ဖက်တစ်လမ်းမှအကျိုးပြုစေမယ့် နိုင်ငံ့သားကောင်း၊ နိုင်ငံ့ သမီးကောင်းများအဖြစ်သို့ပြောင်းလဲပေးရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိနေရပါသဖြင့် ပြည်သူများအနေဖြင့် အထူးပဲအားရကျေနပ်ဖြစ်လျက်ရှိနေကြပါတယ်။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော် သမ္မတကြီးက ၁၆-၅-၂၀၁၁ ရက်နေ့တွင်ထုတ်ပြန်ခဲ့သော အလွန်တရာမင်္ဂလာရှိလှစွာသော လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မျိုးကို ထပ်မံထုတ်ပြန်နိုင်ရေးအတွက် ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြ အပ်ပါတယ်ရှင်။(ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၆။**

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆန္ဒပြုရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့စတုတ္ထနေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ သယ်င်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းခဲ့တဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်မှ မေတ္တာရပ်ခံ အပ်ပါကြောင်းဆိုတဲ့အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင် ဦးသိန်းညွန့်ဟာ အဆိုတင်သွင်းစဉ်ကပင် သူ့အဆိုနဲ့ပတ်သက် ပြီးတော့ ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက်တင်ပြဆွေးနွေးထားတာကို ကျွန်တော်တို့တွေ့ခဲ့ကြရပါ တယ်။ ဦးသိန်းညွန့်ရဲ့အဆိုဟာ ကျွန်တော်တို့ လွှတ်တော်အဖွင့်နေ့ ပြည်ထောင်စုလွှတ်တော်မှာ နိုင်ငံတော်သမ္မတကြီးပြောသွားခဲ့တဲ့ မိန့်ခွန်းတွေထဲမှာ နိုင်ငံရေးမျှော်လင့်ချက်နဲ့လည်း လိုက်လျော ညီထွေဖြစ်လှပါတယ်ဆိုတဲ့အချက်ကိုတွေ့ရှိရကြောင်းတင်ပြလိုပါတယ်။ နောက်ပြီးတော့ ပြည်သူ တစ်ရပ်လုံးက မျှော်လင့်တောင့်တနေကြတဲ့ လိုလားချက်တွေကိုဖော်ပြထားတယ်ဆိုတာကိုလည်း တွေ့ရှိရပါတယ်။ အချိန်အခါနဲ့လည်းကိုက်ညီနေတဲ့အဆိုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့တွေ့ရ ပါတယ်။ နိုင်ငံတော်ဟာ ပါတီစုံ၊ ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေတဲ့အချိန်မှာ ဒီလို အဆိုမျိုးကိုတင်သွင်းဖို့ စိတ်ကူးရတဲ့အတွက်ကြောင့် အဆိုရှင်ဦးသိန်းညွန့်ကိုလည်း ကျွန်တော်တို့

လေးစားပါကြောင်းပြောကြားရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလွှတ်တော်ဟာ နိုင်ငံရေးစင်မြင့်ရယ်လို့ တော့ ကျွန်တော်တို့မဆိုလိုပါဘူး။ လွှတ်တော်အစည်းအဝေးခန်းမဆိုတာ ကျွန်တော်တို့နားလည် သဘောပေါက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်ငြိမ်းချမ်းသာခွင့်ထဲမှာ အကျုံးဝင်မယ့် အကျဉ်းကျခံပြည်သူတွေ၊ အကျဉ်းမကျဘဲနဲ့ တခြားနေရာရောက်နေတဲ့ ပြည်သူတွေအကုန်လုံး အပါအဝင်ဖြစ်နိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံသားတွေဟာ ယုံကြည်ချက်ကြောင့် ပြည်ပနိုင်ငံတွေကိုရောက်နေကြတဲ့ လူတွေအများအပြားရှိသလိုပဲ ဒီ ယုံကြည်ချက်ကြောင့်ပဲ ပြစ်မှုကြောင်းအရတရားစွဲဆိုခံရလို့ အကျဉ်းထောင်အသီးသီးမှာ အကျဉ်းကျ ခံနေရတဲ့ အကျဉ်းသားတွေအများကြီးရှိပါတယ်။ ဒီယုံကြည်ချက်ကြောင့်ဆိုတဲ့ စကားလုံးဟာ နိုင်ငံခြားကတင်ပို့လာတဲ့ စကားမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်သူတွေကြားမှာ ကျွန်တော်တို့ နေ့စဉ်ကြားနေရတဲ့စကားလုံးဖြစ်ပါတယ်။ အဲဒါတွေလည်း ကျွန်တော်တို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေအားလုံးကို Message ပေးချင်ပါတယ်။ ဒီယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့လူ၊ ယုံကြည်ချက်ကြောင့် တခြားနိုင်ငံတွေကိုရောက်နေကြတဲ့သူတွေဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့ သူများစကားကိုငှားပြီးသုံးတာမဟုတ်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်က ဒီလို မြင်တဲ့အမြင်အရ ကျွန်တော်တို့ကိုယ်တိုင်က ဒီလိုနားလည်တဲ့နားလည်မှုအရတင်ပြတဲ့ စကားလုံးဖြစ်ပါတယ်။ ဒီယုံကြည်ချက်ကြောင့် ပြစ်မှုကြောင်းအရပြစ်ဒဏ်အမျိုးမျိုးကျခံနေရတဲ့ လူတွေဟာ ဒီနေ့အချိန်အခါမှာ ဝေးလံခေါင်သီတဲ့အကျဉ်းထောင်တွေကို မိသားစုတွေနဲ့ဝေးလံတဲ့ နေရာတွေကိုရောက်ရှိပြီးတော့ အကျဉ်းကျခံနေရတယ်ဆိုတာလည်းကြားသိနေရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးသိန်းညွှန့်ရဲ့အဆိုကို ဒီလွှတ်တော်က ထောက်ခံကြမယ်ဆိုရင် ပြည်ပမှာ ရောက်နေတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေ၊ ပြစ်မှုကြောင်းအရအကျဉ်းကျခံနေကြရတဲ့ ဖော်ပြပါ အကျဉ်းသားတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက စေတနာ၊ မေတ္တာနဲ့ စာနာမှုတွေ ထားရှိတယ်ဆိုတာကို လက်တွေ့ထုတ်ဖော်ပြသရာရောက်မှာဖြစ်ပါတယ်။ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရမှာ အနှစ်သာရဟာပိုပြီးတော့တန်ဖိုးကြီးလှပါတယ်။ ကျွန်တော်တို့ရဲ့ စေတနာ မေတ္တာနဲ့ စာနာမှုကိုပြသတဲ့အနေနဲ့ အဆိုရှင်ဦးသိန်းညွှန့်ရဲ့အဆိုကို ကျွန်တော်တို့တစ်တွေထောက်ခံကြိုဆို သင့်တယ်လို့ယုံကြည်ပါတယ်။ ဦးသိန်းညွှန့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါကြောင်းတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၂**။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကွန်ဟိန်းမဲဆန္ဒနယ်မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ဒီကနေ့ ပါဝင်ဆွေးနွေးမယ့်အကြောင်းအရာကတော့ ဦးသိန်းညွန့်ရဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ၁၆-၅-၂၀၁၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် (၂၈/၂၀၁၁) ဖြင့် ၁၇-၅-၂၀၁၁ ရက်နေ့မတိုင်မီကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ပါတယ်ရှင်။ အဲဒီမှာ (က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ (ခ)ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသောလျှော့ပေါ့ရက်များအပြင် တစ်နှစ်ထပ်မံလျှော့ပေါ့ရရှိစေရန်လည်းကောင်းဟုပါရှိပါတယ်ရှင်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး လူအများက ဝမ်းမြောက်လျက်ရှိကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ဆိုရင်တော့ နိုင်ငံတော်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်ကို အလွန်ဝမ်းသာဂုဏ်ယူလျက်ရှိပါတယ်ရှင်။ ပြစ်မှုအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျအကျဉ်းသားများအား နိုင်ငံတော်သစ်တည်ဆောက်ရာမှာ တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမယ့်နိုင်ငံသားများအဖြစ်သို့ပြောင်းလဲပေးရန် စီမံဆောင်ရွက်ချက်ကို အထူးကြိုဆိုလျက်ပါ။

ဥက္ကဋ္ဌကြီးရှင့်။ လူတစ်ယောက်ဟာ ပြစ်မှုဆိုင်ရာဥပဒေအရသော်လည်းကောင်း၊ အထူးဥပဒေအရသော်လည်းကောင်း ပြစ်မှုတစ်ခုခုကိုကျူးလွန်တဲ့အခါမှာ ၎င်းပြစ်မှုများနဲ့ဆက်စပ်တဲ့ ဥပဒေများနဲ့ တရားစွဲဆိုလေ့ရှိကြပါတယ်။ တချို့ပြစ်မှုမှာ ပြစ်မှုတစ်ကြိမ်တည်းသာကျူးလွန်ခြင်းဖြစ်သော်လည်း အဆိုပါဥပဒေပုဒ်မနဲ့စပ်လျဉ်းတဲ့ ဥပဒေပုဒ်မ ၃/၄ ခုနဲ့ အကျုံးဝင်သွားတတ်ပါတယ်။ အမိန့်ချမှတ်တဲ့အခါမှာလည်း အဆိုပါပုဒ်မရဲ့အများဆုံးပြစ်ဒဏ်ကို တစ်ပေါင်းတည်းမခံစားရဘဲ သီးခြားစီကျခံရတဲ့အတွက်ကြောင့် လူ့ဘဝအညွန့်တုံးစေတဲ့အထိဖြစ်ရပါတယ်။ လူ့အခွင့်အရေးတွေလည်းများစွာ ထိခိုက်နစ်နာဆုံးရှုံးခြင်းတို့ဖြစ်ရပါတယ်ရှင်။ သို့ပါသောကြောင့် အဆိုပါသူများကို ပြစ်ဒဏ်များ တစ်ပေါင်းတည်းခံစားစေခြင်းဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ရသင့်ကြောင်းအကြံပြုတင်ပြအပ်ပါတယ်ရှင်။

လက်ရှိအကျဉ်းထောင်ထဲမှာ တော်သော၊ တတ်သောပညာရှင်များအချို့၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသော ပုဂ္ဂိုလ်များအချို့ရှိလိမ့်မယ်လို့ယူဆပါတယ်။ အဆိုပါပုဂ္ဂိုလ်များ လွတ်ငြိမ်းချမ်းသာခွင့်ထပ်မံရရှိပါက စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာမှာ များစွာအထောက်အကူပြုမယ်လို့ယုံကြည်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကိုရောက်နေသူများမှာလည်း ပညာရှင်များ၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသူများရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်ရှင်။ သူတို့ကိုလည်းလိုအပ်သလိုညှိနှိုင်း၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်ပါတယ်ရှင်။ ပြစ်မှုအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံနေသောအကျဉ်းသားများအား ပြစ်ဒဏ်များကိုတစ်ပေါင်းတည်းခံစားစေခြင်း၊ လျှော့ပေါ့နှစ်ကို ယခင် ၁၆-၅-၂၀၁၁ ရက်နေ့တွင်ပေးထားတာထက် အနည်းဆုံးနှစ်ပေါင်း ၂၀ ခန့်ပိုမို၍လျှော့ပေါ့ပေးစေခြင်း၊ အကြောင်းအမျိုးမျိုးကြောင့်ပြည်ပသို့ရောက်နေသူများကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ထပ်မံပြုခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အသွင်ကို ဖော်ဆောင်ပေးသင့်ပါတယ်ရှင်။

ဒါ့ကြောင့် ကျွန်မက ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်ရဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က ထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရွှာငံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၇**။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကောင်းကျိုးလိုရာဆန္ဒနဲ့ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန်ပန်ကြားအပ်ပါတယ်ခင်ဗျား။ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ကြီးပွားဖို့ဆိုရင် စီးပွားရေးတိုးတက်မြင့်မားဖို့လိုအပ်ပါတယ်။ စီးပွားရေးတိုးတက်ဖို့ဆိုပြန်ရင်လည်း နယ်မြေဒေသအေးချမ်းသာယာပါမှ တစ်နည်းအားဖြင့် နိုင်ငံရေးတည်ငြိမ်ပါမှဖြစ်မှာပါ။ နောက်တစ်ခါ နယ်မြေဒေသတွေအေးချမ်းဖို့ နိုင်ငံရေးတည်ငြိမ်ဖို့ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ပေါင်းစည်းရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိဖို့အဓိကလိုအပ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင်

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွေဟာ ကျွန်တော်တို့နိုင်ငံအဖို့ မလွဲမသွေအထူးလိုအပ်နေဆုံးအရာတွေဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများအခန်း ပုဒ်မ ၆၊ ပုဒ်မခွဲ(က)မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုတဲ့ အခြေခံမူတစ်ချက်ကို အတိအလင်းထည့်သွင်းချမှတ်ပြဋ္ဌာန်းထားတာလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့လွတ်လပ်ရေးသက်တမ်းဟာ ၆၃ နှစ်ကျော်လာခဲ့ပြီးဖြစ်ပေမယ့် ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်မြေအေးချမ်းသာယာရေးတို့နဲ့ပတ်သက်လာရင်တော့ ရာနှုန်းပြည့်အောင်မြင်မှုမရသေးတာ အားလုံးအသိပင်ဖြစ်ပါတယ်။ အခုတလော တချို့တိုင်းရင်းသားတွေနဲ့ပတ်သက်ပြီး ဝမ်းနည်းဖွယ်ရာသတင်းဆိုးတွေကိုလည်းကြားသိနေရဆဲဖြစ်ပါတယ်။ အခုလိုအချိန်မှာ အမျိုးသားပြန်လည်သင့်မြတ်ပေါင်းစည်းရေးအတွက် ဥပဒေကဲ့သို့အာဏာတည်တဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ပြီးတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဆောင်ရွက်ရန် အချိန်ကျရောက်နေပြီလို့ ယုံကြည်ယူဆတဲ့အတွက် သယ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြခြင်းဖြစ်ပါ တယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အစိုးရအဆက်ဆက်ဟာ နိုင်ငံတော်အတွင်းကျူးလွန်ခဲ့တဲ့ အပြစ်ရှိသူများအားလုံးကို သင်ပုန်းချေရန်အတွက် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွေထုတ်ပြန်ခဲ့ကြတဲ့ အစဉ်အလာတွေရှိပါတယ်။ တချို့ကိုဖော်ပြရရင် -

- ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ တစ်ကြိမ်၊
- ၁၉၅၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ ဆဋ္ဌမသင်္ဂါယနာ တင်ပွဲအထိမ်းအမှတ်အဖြစ် တစ်ကြိမ်၊
- ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှာ တစ်ကြိမ် သင်ပုန်းချေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွေကို အဲဒီအချိန်မှာတာဝန်ယူနေတဲ့ နိုင်ငံတော်သမ္မတက ထုတ်ပြန်ခဲ့ဘူးတဲ့ သာဓကတွေရှိခဲ့ပါတယ်။

ထို့အတူ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာတစ်ကြိမ်နဲ့ ၁၉၈၀ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှာ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး အောင်မြင်တဲ့အထိမ်းအမှတ်အဖြစ်တစ်ကြိမ် ပေါင်း ၂ ကြိမ်ကို တော်လှန်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌတွေက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွေကိုထုတ်ပြန်ပေးခဲ့ကြပါတယ်။ ဒါ့အပြင် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်အမှတ် (၄/၈၉) ကို ထုတ်ပြန်ပေးခဲ့ရာ အဲဒီအမိန့်ကြောင့် ပြစ်ဒဏ်ကျခံနေသူများအား ပြစ်ဒဏ်ပြောင်းလဲလျှော့ပေါ့

ပေးခဲ့ပြီး ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကိုလည်း ပိတ်သိမ်းနိုင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ရဲ့လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွေကြောင့် မိသားစုများပြန်လည်ပေါင်းစည်းနိုင်ခဲ့ကြသလို နိုင်ငံအတွက်မှာလည်းညီညွတ်ခြင်းစိတ်ဓာတ်တွေကို တိုးပွားလာစေခဲ့တာလည်း အမှန်ပင်ဖြစ်ပါတယ်။ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်မှာလည်း နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် ၂၈/၂၀၁၁ ဖြင့် ၂၀၁၁ ခုနှစ် မေလအတွင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကိုထုတ်ပြန်ပေးခဲ့သလို ဩဂုတ်လ ၁၇ ရက်နေ့မှာ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနမှာကျင်းပခဲ့တဲ့ စီးပွားရေး၊ လူမှုရေးအသင်းအဖွဲ့အစည်းစုံ၊ နယ်ပယ်စုံမှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံခဲ့စဉ်ကလည်း နိုင်ငံတော်သမ္မတကြီးက အကြောင်းအမျိုးမျိုးကြောင့် ပြင်ပသို့ရောက်ရှိနေကြတဲ့ မြန်မာတိုင်းရင်းသားများ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ထားခြင်းမရှိလျှင် အချိန်မရွေးပြန်လာနိုင်ကြောင်း ပြစ်မှုကျူးလွန်ခဲ့ခြင်းရှိသည့်တိုင် ထိုက်သင့်သည့်ပြစ်ဒဏ်ခံယူရန်ပြန်လာမည်ဆိုလျှင် သဘောထားကြီးစွာစဉ်းစားပေးမည်ဖြစ်ကြောင်းဖြင့် မြွက်ကြားသွားတာကိုကြားသိရလို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါတယ်။ ဒီနေရာမှာ တစ်အိမ်တည်းနေမိသားစုတစ်စုရဲ့ ဘဝနဲ့နှိုင်းယှဉ်ပြီး တင်ပြဆွေးနွေးချင်ပါတယ်။ တစ်ဖအေထဲ၊ တစ်မအေထဲမှ အတူတူမွေးဖွားလာကြတဲ့ ညီအစ်ကိုတွေချင်းအတူတူ မိဘကို ရိုသေပြီး မိဘပြောသမျှစကားတွေကို နားထောင် မိဘပြောသမျှ၊ လုပ်သမျှတွေကို ဘာမှနှုတ်လှန်မထိုးတဲ့ သားသမီးများရှိကြမှာဖြစ်သလို ပြန်မပြောနားမထောင်တဲ့သားသမီးများ၊ မိဘကိုခွန်းကြီးခွန်းငယ်နဲ့ ပြန်လှန်ပြောဆိုတဲ့အပြင် ထင်ရာစိုင်းလုပ်တတ်တဲ့ သားသမီးတွေလည်းပါရှိလာနိုင်ပါတယ်။ ဒါဟာလည်း သဘာဝနိယာမတရားတစ်ခုဖြစ်ပါတယ်။ မိဘတွေအဖို့မှာတော့ သားသမီးတွေဟာ သားသမီးတွေပဲဖြစ်ကြသလို မိသားစုဘဝဟာလည်း မိသားစုဘဝပဲဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အိမ်ပေါ်ကနေဆင်းသွားတဲ့ သားသမီးတွေကို ခြွင်းချက်တွေနဲ့မှပြန်လာရမယ်ဆိုရင် သံသယရှိနေတဲ့သားသမီးတွေအဖို့ မိဘအိမ်ကိုပြန်မလာရဲတာနဲ့အမျှ မိဘတွေနဲ့သားသမီးတွေကြားမှာလည်း ပိုလို့ဝေးကွာသွားစေမှာဖြစ်ပါတယ်။ သားသမီးတွေရဲ့ ကာယအား၊ ဉာဏအားတွေဟာလည်း မိသားစုဘဝအတွက်မဟုတ်တော့ဘဲ ကြားလူတွေအတွက်ဖြစ်သွားမှာသေချာပါတယ်။ ဒီအတွက် သားသမီးတွေရဲ့ အပြစ်တွေကိုပြည်ဖုံးကားချပြီး နွေးနွေးထွေးထွေးကြိုဆိုခြင်းသည်သာလျှင် မိဘရဲ့မေတ္တာအစစ်အမှန်ဖြစ်လိမ့်မယ်လို့လည်းယုံကြည်ယူဆပါတယ်။ မိသားစုဘဝဟာလည်းပိုလို့တိုးတက်လာမှာ အမှန်ပင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တည်ဆောက်ရေးရဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ပေါင်းစည်းရေးလုပ်ငန်းကို အမှန်တကယ်ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်ရဲ့သားသမီးတွေဖြစ်ကြတဲ့ အကြောင်းအမျိုးမျိုးကြောင့်ပြစ်ဒဏ်ကျခံရနေသူများ၊ ပြင်ပသို့ရောက်ရှိနေကြသူများနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များကို တိုင်းပြည်ရဲ့မိဘဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီးက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို တိကျခိုင်မာစွာထုတ်ပြန်ပေးပြီး ကြိုဆိုညှိနှိုင်းအဖြေရှာခြင်းသည်သာလျှင် နိုင်ငံတော်နှင့် ပြည်သူများအားလုံးအတွက် မလွဲဧကန်အကျိုးရှိလိမ့်မယ်လို့ ခိုင်မာစွာယုံကြည်မိပါတယ်။

ဒီအတွက် သဃ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်တင်သွင်းတဲ့ “အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံသည်။”ဆိုတဲ့အဆိုကို ထောက်ခံပါကြောင်း ယခုကျင်းပနေတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာလည်း ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ အဖွဲ့အစည်းစွဲတွေမထားရှိဘဲ တိုင်းပြည်အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေးအတွက် ဝိုင်းဝန်းစဉ်းစားဆုံးဖြတ်ပေးကြပါရန် မေတ္တာရပ်ခံရင်း ကျွန်တော့်ရဲ့တင်ပြဆွေးနွေးချက်ကိုနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းမောင်တင်၊ လဲချားမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၄။**

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင် ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့အချိန်ကို ငဲ့ညှာသောအားဖြင့် အချက်သုံးချက်နဲ့ပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အကျဉ်းကျခံအကျဉ်းသားများဟာ (၁) ယခင်အစိုးရလက်ထက်က ဖမ်းဆီးခြင်းခံထားရတဲ့ ယုံကြည်ချက်အကျဉ်းသားများဖြစ်ခြင်း၊ (၂) နိုင်ငံ့အရေးကိစ္စများကို ကောင်းရာကောင်းကြောင်း ကူညီဖြေရှင်းပေးနိုင်မည့်ပုဂ္ဂိုလ်များပါဝင်နေခြင်း၊ (၃) အထူးသဖြင့်တိုင်းရင်းသားပြည်သူများက ယုံကြည်အားထားရသည့်ပုဂ္ဂိုလ်များပါဝင်နေခြင်းတို့ကြောင့် ယုံကြည်ချက်နဲ့အကျဉ်းကျခံထားရတဲ့ အကျဉ်းသားများအား ခြွင်းချက်မရှိ အမြန်လွှတ်ပေးသင့်ပါကြောင်း ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၆။**

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ရခိုင်တိုင်းရင်းသူ ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာကို မြန်မာနိုင်ငံအစိုးရ အဆက်ဆက်က ထူးခြားတဲ့အနေနဲ့ မင်္ဂလာရှိတဲ့ အချိန်သမယတွေမှာထုတ်ပြန်ခဲ့တာတွေကို တွေ့ရှိခဲ့ ရပါတယ်။ ဒါဟာဆိုရင် အစဉ်အလာကောင်း တစ်ခုလည်းဖြစ်ပါတယ်။ ယခုအချိန်ဟာ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးသွားခဲ့ရုံသာမက လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ကိုလည်း အောင်အောင်မြင်မြင်ခေါ်ယူကျင်းပနေတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီပန်းတိုင်ကို ဦးတည်နေတဲ့ ခေတ်သစ်၊ စနစ်သစ်တစ်ရပ်ကို သိမ်မွေ့ညင်သာစွာကူးပြောင်း နေတဲ့အချိန်လည်း ဖြစ်ပါတယ်ရှင့်။ ဒီလိုမင်္ဂလာရှိတဲ့အချိန်မျိုးမှာ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ ခေါင်းဆောင် နိုင်ငံတော်သမ္မတကြီးမှ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးပါရေးအဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ကျွန်မအနေနဲ့ တိုက်တွန်းတောင်းဆိုလိုက်ရပါတယ်ရှင်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြန်တာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များကို အထောက်အကူပေးမှုတစ်ခုလည်း ဖြစ်လာလိမ့်မယ်လို့ထင်မြင်မိပါတယ်။ လွတ်ငြိမ်း ချမ်းသာခွင့်အကျိုးခံစားရမည့်သူများမှာလည်း အမြင်မတူကြပေမယ့် နိုင်ငံ့အကျိုးကိုလိုလားပြီး ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးမှာ ပါဝင်လာကြမယ့်သူတွေလည်း အများကြီးပါလာကြမှာ ဖြစ်တဲ့အတွက် မှန်ကန်တဲ့လမ်းကြောင်းကိုဦးတည်တဲ့ ခြေလှမ်းတစ်ခုလည်းဖြစ်ပါလိမ့်မယ်။ ကျွန်မတို့ နည်းတူ အားလုံးသောလွှတ်တော်ကိုယ်စားလှယ်များဟာလည်း လွတ်ငြိမ်းချမ်းသာခွင့်အဆိုကို ထောက်ခံအားပေးမယ့်သူများ ဖြစ်ကြပါလိမ့်မယ်လို့လည်းယုံကြည်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြန်တာကို မြန်မာပြည်သူများနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအသိုင်းအဝန်းကလည်း ကောင်းချီးသြဘာထောက်ခံပေးကြမှာ ဖြစ်ပြီး၊ ကွဲကွာနေကြတဲ့မိသားစုများနှင့် ပြန်လည်ဆုံစည်းပျော်ရွှင်ကြရမှာဖြစ်တဲ့ အတွက်ကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့

ဦးသိန်းညွန့်ရဲ့ နိုင်ငံတော်သမ္မတအား အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၀။**

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ မင်္ဂလာရှိသောအချိန်အခါ၌ မင်္ဂလာပါလို့ အားလုံးကိုနှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ကရင်တိုင်းရင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတကြီးအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်ရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့၌ ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးပထမနေ့၌ နိုင်ငံတော်သမ္မတကြီး၏မိန့်ခွန်းတွင် ပြည်သူတွေဖြစ်နေတာတွေ၊ ဖြစ်ချင်တာတွေကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဟူ၍ပါရှိပါသဖြင့် ကျွန်မအနေဖြင့်အလွန်ဝမ်းသာကျေနပ်မိပါတယ်ရှင်။ ထို့အတူယခုတစ်ကြိမ် လွှတ်တော်အစည်းအဝေး၏ခန်းမအဝင်တွင် ရေးသားထားသော ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသည့်ဆောင်ပုဒ်သည် ကျွန်မအား ဤအဆိုကိုထောက်ခံရန် တိုက်တွန်းသလိုခံစားမိပါတယ်ရှင်။ ဤဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုမထိခိုက်စေသော ပြည်သူများ၏ဆန္ဒကိုပိုမို၍ဖြည့်ဆည်းပေးလိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကိုထုတ်ပြန်ခြင်းသည် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် အကျဉ်းသားများလွတ်မြောက်လာပြီးအမျိုးသားစည်းလုံးညီညွတ်ရေးကို၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပိုမိုမြင့်မားလာစေမှာဖြစ်ပါတယ်ရှင်။ မိဘနှင့်တူသော နိုင်ငံတော်အစိုးရသည် သားသမီးနှင့်တူသော အကျဉ်းချခံနေရသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကိုရောက်ရှိနေသူများ၊ မိဘပြည်သူများအနေဖြင့် အပြစ်မမြင်ဘဲအချစ်ဝင်ကာ နားလည်ခွင့်လွှတ်ပေးခြင်းအားဖြင့် နိုင်ငံတော်အစိုးရသစ်၏ စေတနာရှိမှု၊ သဘောထားကြီးမှု၊ နားလည်ခွင့်လွှတ်မှုတို့သည် ကမ္ဘာ့အလယ်မှာ မြန်မာဆိုသည့် ဂုဏ်သိက္ခာကိုပို၍မြင့်မားလာ

စေမည်ဖြစ်ပါကြောင်း ဦးသိန်းညွန့်၏အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၃။**

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ မွန်တိုင်းရင်းသူတစ်ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ကျွန်မဆွေးနွေးမှာကတော့ သယ်န်းကျွန်းမဲဆန္ဒနယ်၊ ဦးသိန်းညွန့်၏ "အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း"ဆိုတဲ့ အဆိုဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအောင်မြင်စွာကျင်းပ နိုင်တဲ့အချိန်ကစတင်ပြီး ယနေ့ကာလအထိ ပြည်သူများ၏အကျိုးကိုလိုလားစွာ စဥ်ဆက်မပြတ် ဆောင်ရွက်ခဲ့တာ အများအသိဖြစ်ပါတယ်ရှင်။ ပြည်သူများအနေဖြင့် လိုလားစွာကြိုဆိုလျက်ရှိပါ တယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြေခံမူများ ဥပဒေပုဒ်မ ၆(က)မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုပြီး အလေးထားပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိဖို့နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိဖို့ဆိုရင် ဥပဒေကဲ့သို့ အာဏာတည်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များဟာ မလုပ်မဖြစ်အမှန်တကယ်လိုအပ်နေတဲ့ အချက်များဖြစ်ပါတယ်ရှင်။ ဒီလွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပြည်သူလူထုကလိုလားနေတဲ့ အထူး အခွင့်အရေးတစ်ခုဖြစ်ပါတယ်ရှင်။ ဘာကြောင့်လည်းဆိုတော့ မဲဆန္ဒရှင်တွေနဲ့ ကျွန်မတွေ့တဲ့အခါမှာ အများဆုံးအမေးခံရတဲ့မေးခွန်းဟာ ဘယ်တော့လွတ်ငြိမ်းချမ်းသာခွင့်အကြီးစားလာမလဲဆိုတာ ဖြစ်ပါ တယ်ရှင်။ လူထုက မေ(၁၆)ရက်နေ့ထုတ်ပြန်တဲ့ နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် (၂၈/၂၀၁၁) လွတ်ငြိမ်းချမ်းသာခွင့်ကို လွတ်ငြိမ်းချမ်းသာခွင့်အသေးစားလို့ဆိုကြပါတယ်။ ကျွန်မကတော့ ဘာဖြစ်လို့ လွတ်ငြိမ်းချမ်းသာခွင့်အသေးစားလို့ ပြောတာလဲလို့ မေးကြည့်တော့ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ နှစ်များများနဲ့ထောင်ကျတဲ့လူတွေလွှတ်တာလို့ ဖြေကြပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံရေး အကျဉ်းသား ယုံကြည်ချက်ကြောင့်ကျခံနေတဲ့အကျဉ်းသားများစသဖြင့် အနှစ်သာရမရှိတဲ့ကိစ္စကို မငြင်းခုန်သင့်ပါ။ အရေးကြီးတာက လူထုလိုလားတဲ့အကျဉ်းကျခံလူထုပြည်သူများ လွတ်မြောက်ဖို့

အတွက်ပဲ ဖြစ်ပါတယ်ရှင်။ အကျဉ်းထောင်တံခါးများဖွင့်ပေးခဲ့ရင် ကွဲကွာနေသောမိသားစုများပြန်လည် ပေါင်းစည်းနိုင်ပြီး နိုင်ငံတော်ရဲ့လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်များဟာ ကျွန်မတို့နိုင်ငံအတွက် ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းနှင့် ငြိမ်းချမ်းရေးစိတ်ဓာတ်ကိုဖော်ဆောင်နိုင်ပြီး စည်းကမ်းပြည့်ဝတဲ့ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ဦးတည်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ရှင်။ ဒါကြောင့် နိုင်ငံတော် သမ္မတအနေဖြင့် ဥပဒေကဲ့သို့အာဏာတည်သော အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်ပေးပါရန် ဦးသိန်းညွန့်၏အဆိုကို လေးလေးနက်နက်ထောက်ခံရင်း ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ လွှတ်တော်ဆောင်ပုဒ်ကို ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များက ညီညီညွတ်ညွတ်နဲ့ ဖော်ဆောင်ပေးကြပါစို့လို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒေါ်ဇာတလဲမ်း၊ထန်တလန်မြို့နယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၇။**

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့်တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ ထန်တလန်မဲဆန္ဒနယ်မှ ချင်းတိုင်းရင်းသူ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဒီကနေ့ပါဝင်ဆွေးနွေးမယ့် အကြောင်းအရာကတော့ အဆိုရှင် ဦးသိန်းညွန့်ရဲ့ "အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်မှ မေတ္တာရပ်ခံကြောင်း" အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ၁၆-၅-၂၀၁၁ရက်နေ့မှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ်(၂၈/၂၀၁၁)ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အကျဉ်းသားများအားထောင်မှလွှတ်လိုက်သည့် ပျော်ရွှင်ဖွယ်တက်ကြွမှု၊ စိတ်ဝင်စားဖွယ်ကောင်းသောမြင်ကွင်း၊ သတင်းများကို နိုင်ငံတော်ပိုင်သတင်းစာများ၊ ရုပ်မြင်သံကြား များဖြင့် အခြားမီဒီယာသတင်းဌာနများထံမှမြင်တွေ့ခဲ့ရပါတယ်။ ထောင်မှလွတ်မြောက်လာသည့် သူများထံမှ အလွန်ပျော်ရွှင်သောဟန်ကိုမြင်ရသည်မှာ လွန်စွာမှဝမ်းသာပီတိဖြစ်ရပါတယ်။ သူတို့ရဲ့ မိသားစုနှင့် ဝမ်းပန်းတသာလှိုက်လှိုက်လှဲလှဲနွေးထွေးစွာဖြင့်ဖက်ပြီး ဝမ်းသာမျက်ရည်ကျခဲ့တာကို ကြည့်ပြီးရင်ဆို့ရပါတယ်။ ကျွန်မကလည်း လွတ်ငြိမ်းချမ်းသာခွင့်ရထားသည့်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်၏ လူသားအရင်းအမြစ်များ အလွန်လိုအပ်သည့်အချိန် ပါတီစုံ

ဒီမိုကရေစီထွန်းသစ်စချိန်မှာ ယခုကဲ့သို့ နိုင်ငံတော်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအပေါ် အလွန်ကျေးဇူးတင်ပါတယ်ရှင်။ သို့ပါ၍ ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ချိန်တွင် လူသားအရင်းအမြစ်များစွာလိုအပ်တဲ့အချိန်တွင် ပြစ်မှုအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံနေရသောအကျဉ်းသားများ၊ ပြည်ပရောက်နေသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အတွက် ဦးသိန်းညွန့် တင်သွင်းသောအဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံကြောင်းတင်ပြအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်မြင့်၊ ပေါင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၀။**

**ဦးခင်မောင်မြင့်(ပေါင်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြား၍တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကာယစိတ္တနှစ်ဖြာသုခနှင့် ထာဝရပြည့်စုံကြပါစေလို့ ပဏာမဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၅-၈-၂၀၁၁ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ သယ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်တင်သွင်းသွားတဲ့ "အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း" အဆိုကို ဆွေးနွေးတင်ပြသွားပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်တစ်ဝန်းရှိ အကျဉ်းထောင်တွေထဲမှာ ရောက်နေကြတဲ့သူတွေထဲမှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေလည်းပါကောင်းပါမှာပါ။ တစ်ချိန်သောအခါက နိုင်ငံတော်ကိုတာဝန်ယူခဲ့ရတဲ့ တာဝန်ရှိသူတွေကလည်း အဲဒီအချိန်က တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုအရေးစတဲ့ အကြောင်းတွေကြောင့် အချိန်အခါအရ မလုပ်လျှင်မဖြစ်လို့ လုပ်ခဲ့ရတာဆိုတာကိုလည်း ကျွန်တော်တို့အားလုံးသိပါတယ်။ တာဝန်ရှိတဲ့သူတွေကို ကျွန်တော်တို့နားလည်ပါတယ်။ လေးလည်းလေးစားခဲ့ပါတယ်။ ဒါပေမယ့် ဒီနေ့ ဒီလွှတ်တော်အထဲမှာရောက်နေကြတဲ့ ကျွန်တော်တို့အားလုံးဟာ ပြည်သူတွေကယုံကြည်ပြီး အားကိုးအားထားပြုနေကြတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါ။ ကျွန်တော်တို့တစ်တွေ သူတို့ကိုဘာတွေလုပ်ပေးကြမလဲ။ ပြည်သူတွေအတွက် ဘာတွေဆွေးနွေးနေကြမလဲ။ ဘာဥပဒေတွေထွက်လာမလဲဆိုတာ သူတို့အပြင်ကစောင့်မျှော်နေကြပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်

လာပြီး ကျွန်တော်တို့အစိုးရတက်လာတဲ့ ၄၅ ရက်လောက်အချိန်လေးမှာပဲ ကျွန်တော်တို့ရဲ့နိုင်ငံတော် သမ္မတကြီးက မေလ ၁၆ ရက်နေ့မှာ အမိန့်ကြော်ငြာအမှတ် (၂၈/၂၀၁၁)နဲ့ လွတ်ငြိမ်းချမ်းသာခွင့် ပြုပေးခဲ့တဲ့အတွက် ကျွန်တော်တို့ တစ်နိုင်ငံလုံးရော ကမ္ဘာကပါ လှိုက်လှိုက်လှဲလှဲဝမ်းသာခဲ့ကြပါတယ်။ ကျွန်တော်ဟာ ဥပဒေသမားတစ်ယောက်မဟုတ်တော့ ပါလီမန်ခေတ် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေတို့ တော်လှန်ရေးကောင်စီခေတ်က ဥပဒေတွေတို့၊ လမ်းစဉ်ပါတီခေတ်က အမိန့်တွေ၊ ဥပဒေတွေကို ကိုးကားပြီးမဖော်ပြတော့ပါဘူး။ အချိန်ကိုလေးစားသောအားဖြင့် ကျွန်တော်နဲ့တကွ လုပ်သားပြည်သူများ ရှင်းရှင်းလင်းလင်းသိလွယ်အောင်ခပ်တိုတိုပဲဆွေးနွေးသွားပါမယ်။

အဲဒီလို သမ္မတကြီးရဲ့ မွန်မြတ်တဲ့စေတနာအရ အကျဉ်းထောင်တွေထဲက လွတ်လာတဲ့သူ တွေရော၊ ကျန်နေခဲ့တဲ့သူတွေအထဲမှာပါ သူတို့တတ်ထားတဲ့ အတတ်ပညာတွေ၊ သူတို့သိထားတဲ့ အသိတရားတွေနဲ့ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေ ယခုလက်ရှိ နိုင်ငံတော်တာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ကျွမ်းကျင်သူတွေနဲ့လက်တွဲပြီး စိတ်တူ၊ သဘောတူ၊ မိသားစုစိတ်ဓာတ်နဲ့ ပူးပေါင်းလိုက်ရင် ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ပေါ်များတဲ့သယံဇာတတွေနဲ့ပါဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံဟာအာရှတွင်သာမက ကမ္ဘာမှာ ကျွန်တော်တို့ရင်ပေါင်တန်းပြီး ကျွန်တော်တို့ဝင်ဆံ့သွားနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက် ကျွန်တော်တင်ပြဆွေးနွေးချင်တာက ကျွန်တော်တို့ဟာ ဘာသာတရားကို အလွန်ကိုင်းရှိုင်းပြီး လေးစားကြည်ညိုကြတဲ့လူမျိုးတွေဖြစ်ပါတယ်။ မြှုံးထဲမှာ မိနေတဲ့ ငါးလေးတစ်ကောင်၊ လှောင်ချိုင့်ထဲမှာရှိနေတဲ့ ငှက်ကလေးတစ်ကောင်ကို လွှတ်ပေးလိုက်ခြင်းအားဖြင့် ဘယ်လောက်ကုသိုလ်ရပြီး လွတ်သွားတဲ့သတ္တဝါဟာလည်း သူ့ရဲ့ဘဝအတိုင်းအတာ၊ အတိုင်းအဆမရှိ ပျော်ရွှင်သွားမယ်။ လွှတ်ပေးလိုက်တဲ့ သူအနေနဲ့လည်းကြည့်ပြီး ပီတိဖြစ်နေကြတာမမွတာပါ။ ဒါပေမယ့်အားလုံးကိုတော့ လွှတ်ပေးသင့်ပါတယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ ဆွမ်းခံရင်း ငှက်သင့် ခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ အခြေအနေအရ မထိန်းသိမ်းလို့မရခဲ့တဲ့ အတွေးအခေါ်ရှိတဲ့ပုဂ္ဂိုလ်တွေ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကိုတော့ ခြွင်းချက်အနေနဲ့ ကျွန်တော်တို့စဉ်းစားပေးသင့်ပါတယ်။ ဒါတွေကိုလည်း စည်းကမ်းသတ်မှတ်ချက်တွေထားပြီး စဉ်းစားသင့်ပါတယ်။ လက်ရှိအကျဉ်းကျနေသူတွေထဲမှာ တိုင်းရင်းသားတွေလည်း ပေါင်းစုံပါဝင်နေကြတာဖြစ်တော့ ကျွန်တော်တို့မိသားစုတွေအားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်တွေ့တဲ့သဘောလည်း သက်ရောက်ပါတယ်။ ဒီကနေ့ နိုင်ငံတော်ကို ဆန့်ကျင်ပြီးတော့ ပြည်ပမှာရောက်နေတဲ့သူတွေ၊ တိုင်းပြည်ကိုလက်နက်စွဲကိုင်ပြီး အကြောင်းအမျိုးမျိုး ပြနေတဲ့သူတွေကိုတောင် ငြိမ်းချမ်းရေးတံခါးထာဝရဖွင့်ထားပါတယ်လို့ဆိုရင် အဲ့ဒီ ကျွန်တော် တင်ပြခဲ့တဲ့ပုဂ္ဂိုလ်တွေအတွက် ကျွန်တော်တို့လွှတ်တော်ကြီးက အများကြီးစဉ်းစားပေးသင့်ပါတယ်။

ကျွန်တော် နောက်ဆုံးတင်ပြချင်တာက ကျွန်တော်တို့ အခုလွှတ်တော်ထဲ ရောက်နေကြတဲ့ ကျွန်တော်တို့မိသားစုညီအစ်ကိုတွေက အထက်ကဖော်ပြခဲ့တဲ့ကိစ္စတွေကို စည်းကမ်းတကျနဲ့ ညီညီညွတ်ညွတ်တင်ပြသွားမယ်။ မေတ္တာရပ်ခံသွားမယ်ဆိုရင် တိုင်းပြည်အတွက်လည်း တိုးတက်လာမယ်။ ကျွန်တော်တို့တွေလည်း ကုသိုလ်အများကြီးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သယ်န်းကျွန်းမြို့နယ်က ဦးသိန်းညွန့်တင်သွင်းသွားတဲ့ " အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်ကမေတ္တာရပ်ခံကြောင်း" အဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၅**။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သယ်န်းကျွန်း မဲဆန္ဒနယ်က ဦးသိန်းညွန့်တင်သွင်းသွားတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရရဲ့ သက်တမ်းဟာ အလွန်တရာနုနယ်သေးသော်လည်းပဲ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို သွက်လက်မြန်ဆန်မှန်ကန်စွာနဲ့ အဆင့်ဆင့်စဉ်ဆက်မပြတ်အကောင်အထည်ဖော်နေတာကို တိုင်းသူပြည်သားများနဲ့တကွ ပြည်တွင်းပြည်ပ၊ နိုင်ငံတကာအဖွဲ့အစည်း၊ အစိုးရများကပါ အသိအမှတ်ပြုချီးကျူးလေးစားကြကြောင်းကို အထင်အရှားတွေ့မြင်နေရပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်ကြီးမှာ တိုင်းပြည်ကိုမြွက်ကြားခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ မူဝါဒဆိုင်ရာမိန့်ခွန်းနဲ့ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ အကြီးအကဲများနဲ့ အစိုးရအဖွဲ့ဝင်များကိုမိန့်ကြားခဲ့တဲ့ သမိုင်းဝင်မိန့်ခွန်းများကို ပြည်သူပြည်သားအပေါင်း ဝမ်းမြောက်ဝမ်းသာ အားတက်သရော ကြိုဆိုထောက်ခံကြသလို နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများကလည်းပဲ ကြိုဆိုထောက်ခံကြကြောင်းသိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတကြီးရဲ့မိန့်ခွန်းထဲမှာ တိုင်းပြည်ရဲ့အင်အားသုံးရပ်ဖြစ်တဲ့ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနဲ့ နိုင်ငံတော်ကာကွယ်ရေးအင်အားမှာ နိုင်ငံရေးအင်အားဖြစ်တဲ့ တိုင်းရင်းသားစည်းလုံး

ညီညွတ်ရေးအင်အားကိုလည်း ခိုင်မာအောင်တည်ဆောက်ဖို့ အလေးအနက်ထားပြီး မြွက်ကြားခဲ့တာကို အထူးမှတ်သားရပါတယ်။ မတူညီတဲ့ သဘောထားအမြင်တွေရှိကြမှာဖြစ်သော်လည်းပဲ တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့အချက်ကိုလည်း အလေးထားမြွက်ကြားခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီးက အမိန့်အမှတ် (၂၈/၂၀၁၁)နဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကိုထုတ်ပြန်ပြီး သေဒဏ်မှအစပြု၍ ပြစ်ဒဏ်ကျခံနေရသူအသီးသီးကို ထူးခြားစွာပြစ်ဒဏ်များလျှော့ပေါ့ပေးခဲ့တဲ့အတွက် နိုင်ငံသား ၁၅၀၀၀ ဦးတို့ဟာ ပြစ်ဒဏ်ကကင်းလွတ်ခွင့်ရခဲ့ကြပြီး မိသားစု၊ ဆွေမျိုးသားချင်းများနဲ့ ဝမ်းမြောက်ဝမ်းသာပြန်လည်ဆုံတွေ့ခွင့်ရရှိခဲ့ကြပါတယ်။ ကျန်ပြစ်ဒဏ်ကျခံနေရသူအများအပြားဟာလည်း ပြစ်ဒဏ်တွေလျှော့ပေါ့လို့ လွတ်ရက်တွေနီးကပ်လာကြပါတယ်။ ပြစ်ဒဏ်ကကင်းလွတ်ပြီး မိသားစုတွေနဲ့ လွတ်လပ်ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့ခွင့်ရရှိကြပြီး ကိုယ့်မိသားစု၊ ကိုယ့်မြို့ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံတော်ကိုအကျိုးပြုခွင့်တွေရရှိခဲ့ကြတာကို နိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုနဲ့အတူ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ကိုယ်တိုင်လက်မှတ်ရေးထိုးပြီးထုတ်ပြန်ပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လည်း မိမိနိုင်ငံသားများအတွက် ဝမ်းသာကြည်နူးမှုဖြစ်ပေါ်ခံစားရမှာမလွဲဘူးလို့ ကျွန်တော်ယုံကြည်မိပါတယ်။ ဒါတင်မကဘဲနဲ့ နိုင်ငံတော်သမ္မတကြီးက ပြည်ပမှာအကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားသွေးရင်းခြာများကိုလည်းပဲ အဝေးရောက်နေတဲ့သားသမီးများကို မိဘကထားရှိတဲ့ သံယောဇဉ်မျိုးနဲ့ဖိတ်ခေါ်ကမ်းလှမ်းခဲ့တာကိုလည်း ဝမ်းမြောက်ဝမ်းသာတွေ့ရှိရပါတယ်။ ဒါကြောင့် ဒီနေ့အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ပတ်သက်တဲ့ အလားအလာတွေဟာ အားကောင်းလာပြီး နိုင်ငံသူ၊ နိုင်ငံသားများမျှော်လင့်တောင်းတနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေဟာလည်း ရှင်သန်အောင်မြင်လာတော့မှာ မလွဲဘူးဖြစ်ပါတယ်။ အထက်ပါနိုင်ငံတော်ရဲ့လုပ်ဆောင်ချက်တွေကို လေ့လာသုံးသပ်မယ်ဆိုရင် မည်သည့်တွန်းအားပေးတိုက်တွန်းချက်မျှမပါဘဲ အချိန်ကာလနဲ့အညီ လုပ်သင့်လုပ်ထိုက်တဲ့လုပ်ငန်းအဆင့်ဆင့်ကို စေတနာမှန်နဲ့ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်းထင်ရှားလှပါတယ်။ မြန်မာ့နိုင်ငံရေးခေတ်အဆက်ဆက်အစိုးရများရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အမိန့်များကိုလေ့လာကြည့်မယ်ဆိုရင် နိုင်ငံထူထောင်ဖို့ အရေးအကြီးဆုံးရေခံ၊ မြေခံဟာတရားဥပဒေစိုးမိုးရေးပဲဖြစ်တဲ့အတွက် တိုင်းသူပြည်သားများရဲ့ အကျိုးစီးပွားကိုကာကွယ်ရာလည်းရောက်၊ ပြစ်မှုကျူးလွန်၍မိသားစုနဲ့ခွဲခွာပြီး ပြစ်ဒဏ်ကျခံနေရသူများကိုလည်း သနားငဲ့ညှာထောက်ထားရာလည်းရောက်တဲ့ မျှတစွာချင့်ချိန်တိုင်းတာမှုမျိုးနဲ့ ကန့်သတ်ဆောင်ရွက်ခဲ့တာကိုလည်းပဲ သုံးသပ်တွေ့ရှိကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ယခု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဖွဲ့စည်းဖြစ်တည်မှုသက်တမ်းစတင်တဲ့ မကြာမီကာလအတွင်းမှာပဲ နိုင်ငံတော်သမ္မတကြီးထုတ်ပြန်ပေးခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဟာ နိုင်ငံသားတို့ရဲ့အကျိုးနဲ့ ပြစ်ဒဏ်ကျခံနေရသူများနဲ့မိသားစုများကို သနားငဲ့ညှာထောက်ထားမှုတို့ကို သဟဇာတဖြစ်အောင် ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်းနားလည်ခံစားမိပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြစ်ဒဏ်ခံစားနေရသူအများစုဟာလည်းပဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ ကာလလက်ထက်များက အခြေအနေအချိန်အခါနဲ့အညီတည်ရှိနေတဲ့ ဥပဒေအမိန့်ညွှန်ကြားချက်များနဲ့ ကျူးလွန်ငြိစွန်းမှုရှိတာကြောင့် ယခုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖြစ်ပေါ်လာတဲ့ နိုင်ငံတော်အစိုးရလက်ထက်မှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများဥပဒေနဲ့အညီ တိုးတက်ပြောင်းလဲခံစားခွင့်များလည်းပဲရရှိလာနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်မိပါတယ်။ ပြစ်ဒဏ်ကျခံနေရသူတွေထဲမှာ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ တိုင်းပြည်အတွက် နိုင်ငံ့သားကောင်းများအဖြစ်အလုပ်အကျွေးပြုနိုင်သူတွေဟာ အနည်းနဲ့အများကျန်ရှိနေမှာမလွဲပါဘူး။ သူတို့ရဲ့အားတွေဟာလည်းပဲ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒါကြောင့် အချိန်ကာလသင့်မြတ်ပြီး ကျိုးကြောင်းဆီလျော်ညီညွတ်တဲ့အခါမှာ နိုင်ငံတော်က အမျိုးသားစည်းလုံးညီညွတ်ရေးကိုအလေးအနက်စဉ်းစားပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုမယ့်ကိစ္စတွေကို ဥပဒေနှင့်အညီအဆင့်ဆင့်ဆောင်ရွက်ပေးလိမ့်မယ်လို့ ကျွန်တော်အလေးအနက်ယုံကြည်ထားပါတယ်။ နိုင်ငံတော်အစိုးရက ကောင်းမြတ်တဲ့စေတနာနဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခံခဲ့ရပြီး မိသားစုနဲ့အတူ ကိုယ်စိတ်ချမ်းသာစွာနေထိုင်ခွင့်ရခဲ့ကြသူများအနေနဲ့လည်း "ကတညုတာစ မင်္ဂလာ" ဆိုတဲ့ မိမိအပေါ်သူတစ်ပါးပြုဘူးသောကျေးဇူးကိုသိ၍ ပြန်လည်ပေးဆပ်ခြင်းသည် မင်္ဂလာဖြစ်သည်ဆိုတဲ့ (၃၈)ဖြာ မင်္ဂလာတရားတော်အလာနှင့်အညီ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေး၊ စစ်မှန်သောဒီမိုကရေစီထွန်းကားရေး၊ တိုင်းပြည်အေးချမ်းသာယာဝပြောရေးကိစ္စတွေမှာ စည်းလုံးညီညွတ်စွာနဲ့ တစ်တပ်တစ်အားပါဝင်ခြင်းဖြင့် နိုင်ငံတော်ရဲ့ကျေးဇူးကိုသိတတ်တဲ့ နိုင်ငံသားများအဖြစ် ပုဂ္ဂလိကအကျိုးစီးပွား၊ နိုင်ငံတော်သားအားလုံးရဲ့အကျိုးစီးပွားဟာ သဟဇာတဖြစ်ပေါ်တိုးတက်လာမှာဖြစ်မယ်လို့ ကျွန်တော်အလေးအနက်ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းသွားတဲ့ "အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များအားဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတကြီးအား ဤလွှတ်တော်ကမေတ္တာရပ်ခံကြောင်း" အဆိုကို ကျွန်တော်တို့လွှတ်တော်ကြီးက အလေးအနက်လက်ခံစဉ်းစား

ထောက်ခံသင့်ကြောင်း ဆွေးနွေးထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူး တင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ ။** ။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား ။

**အခမ်းအနားမှူး ။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါသည်။ ]

အချိန်၊ ၁၃း၂၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဦးစိုးဝင်း၊စမ်းချောင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၃း၂၂။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ “ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက် ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်ကမေတ္တာရပ်ခံကြောင်း ” အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဒီနေရာမှာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဤအဆိုဟာ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုနေတဲ့ မြန်မာ့လက်ရှိနိုင်ငံရေးအခင်းအကျင်းကို ထင်ဟပ်နေတာ တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့တည်ဆောက်ရေးမှာ နိုင်ငံသားအားလုံးပါဝင်ရန် တာဝန်ရှိသည်ဟု နိုင်ငံတော်သမ္မတကြီး၏မိန့်ခွန်းတွင် ပါရှိချက်များအရလည်းကောင်း၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည်မည်သူ့ကိုမဆို ဥပဒေအရာတွင်တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရပိုင်ခွင့်ပေးရမည်ဟူ၍လည်းကောင်း ထပ်မံ၍ ယင်းအခြေခံဥပဒေပုဒ်မ ၃၈၁ တွင် (က) တိုင်းတစ်ပါးမှကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်း (ခ) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်နှင့် (ဂ) အရေးပေါ်အခြေအနေဖြစ်ပေါ်နေချိန်တို့မှတပါး

နိုင်ငံသားများ၏တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့်သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရာဟူ၍ ပြဋ္ဌာန်းထားကြောင်းသိရှိရပါတယ်။ မကြာမီက နိုင်ငံတော်သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့်အကျဉ်းသား ၁၄၀၀၀ ကျော်နဲ့ သေဒဏ်ကျခံနေရသူ ၆၀၀ ကျော်တို့ လွတ်ငြိမ်းခွင့်ရခဲ့ကြပါတယ်။ ယခုအခါ နိုင်ငံတော်တွင် အပြန်အလှန်နားလည်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ရမည့်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ သို့ပါ၍ အထက်ဖော်ပြပါ အခြေခံဥပဒေပုဒ်မတို့အရ အများပါဝင်နိုင်သော All Inclusive နိုင်ငံရေးဖြစ်စဉ်အဖြစ်ရောက်ရှိ၍ နိုင်ငံသစ်တည်ဆောက်ရေးတွင်ပါဝင်ခွင့်ရစေရန် ကျန်ရှိသည့်အကျဉ်းကျနေသူများအားလုံးကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်သက်ရောက်စေထိုက်ပါကြောင်း တင်ပြရင်း ဤအဆိုကိုထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၅**။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ခေတ်အဆက်ဆက်ကအုပ်ချုပ်ခဲ့ကြတဲ့ အစိုးရများဟာ မင်္ဂလာအခွင့် အခါကောင်းကြုံကြိုက်သည်နှင့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များကိုထုတ်ပြန်ခဲ့တဲ့ အစဉ်အလာကောင်းများအထင်အရှားရှိခဲ့ပါတယ်။ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) အစိုးရလက်ထက်မှာ ဆဋ္ဌသင်္ဂါယနာတင်မှာ မင်္ဂလာမဟာဓမ္မသဘင်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ်လည်းကောင်း တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်ခေတ်များမှာလည်းပဲ နိုင်ငံရေးအရပြစ်မှုကျူးလွန်ခဲ့တဲ့ နိုင်ငံသူနိုင်ငံသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့တဲ့ အစဉ်အလာရှိခဲ့ပါတယ်။ အထင်ရှားဆုံးအနေနဲ့ ၁၉၈၀ ခုနှစ်၊ မေလမှာ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေမှာ ကျင်းပပြုလုပ်ခဲ့တဲ့ သံဃာ့ဂိုဏ်းပေါင်းစုံစုဝေးစည်းရုံးကြပြီးတော့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် တညီတညွတ်တည်းလုပ်ဆောင်ကြရန် တစ်ခဲနက်ဆုံးဖြတ်ခဲ့ကြသည်ကို နှစ်ထောင်းအားရသောအားဖြင့် ထိုစဉ်ကနိုင်ငံတော်သမ္မတက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကိုထုတ်ပြန်ခဲ့ပါတယ်။ ဒီအမိန့်အရ အဲဒီအချိန်ကပြည်ပကိုရောက်နေတဲ့ မြန်မာ့လွတ်လပ်ရေးစာချုပ်ချုပ်ဆိုသူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ပထမဆုံးဝန်ကြီးချုပ်ကို မြန်မာနိုင်ငံသို့ခေတ္တဖြစ်စေ၊ အမြဲဖြစ်စေပြန်လာရန် နိုင်ငံတော်ကောင်စီနှင့်ဗဟိုအာဏာပိုင်

အဖွဲ့အစည်းများကိုယ်စား နိုင်ငံတော်သမ္မတကဖိတ်ကြားမေတ္တာရပ်ခံခဲ့တဲ့အချက်ကို တုန့်ပြန်ပြီးတော့ မြန်မာနိုင်ငံကိုပြန်လည်ရောက်ရှိခဲ့ပါတယ်။ ထို့အတူပဲ အဲဒီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ရဲဘော်သုံးကျိပ်နှစ်ဦးအပါအဝင် နိုင်ငံရေးခေါင်းဆောင်များလွတ်ငြိမ်းချမ်းသာခွင့်ရခဲ့ကြပါတယ်။ ယခုအခါမှာလည်းပဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာခြင်း၊ လွှတ်တော်အဆင့်ဆင့်ပေါ်ထွန်းလာခြင်း၊ နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် ပြည်ထောင်စုအစိုးရပေါ်ပေါက်လာခြင်းအစရှိသည့် ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံတဲ့ အခါသမယရောက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ဤမင်္ဂလာအခါအခွင့်ကောင်းကိုယူပြီးတော့ မိမိတို့ယုံကြည်ချက်ကြောင့် လုံခြုံရေးဥပဒေများဖြင့် အကျဉ်းထောင်အသီးသီးတွင် အဖမ်းအဆီးခံနေကြရသူများကို ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အားပါဝင်ခွင့်ပြုသည့်အနေနဲ့လည်းကောင်း၊ လူသားချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ ရှေးမြန်မာမင်းကောင်းမင်းမြတ်တို့၏အစဉ်အလာနှင့်အညီလည်းကောင်း “ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း ” အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းအောင်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၇**။

**ဦးသိန်းအောင် (သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနဲ့ ခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ဖြစ်ပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်အဆိုကို ကျွန်တော့်ရှေ့မှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေဆွေးနွေးသွားတာ ကျွန်တော့်ဆန္ဒနဲ့အလားတူဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်လည်းပဲအချိန်မဖြုန်းဘဲ ဦးသိန်းညွှန့်ရဲ့ “ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်ရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်ကမေတ္တာရပ်ခံရန် ” အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုကဲ့သို့ အဓိပ္ပါယ်သက်ရောက်တဲ့ ပန်ကြားချက်များလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကျွန်တော့်ထံရောက်ရှိခဲ့ပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ

တပ်မတော်သားကိုယ်စားလှယ်များကလည်း သူတို့ရဲ့ဆန္ဒ၊ သူတို့ရဲ့သဘောကိုတင်ပြခွင့်ပြုပါဆိုပြီး တော့ ကျွန်တော့်ကိုသီးခြားတင်ပြတဲ့အတွက် အစီအစဉ်မှာမပါသော်လည်း ကျွန်တော်ခွင့်ပြုပါတယ်။ ဒါကြောင့်မို့လို့ တပ်မတော်သားကိုယ်စားလှယ်နှစ်ဦး တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဗိုလ်မှူးကြီးဌေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့တပ်မတော်သားများဟာ နိုင်ငံတော်နဲ့တပ်မတော်အတွက်အသက်ပေးပြီး တာဝန်ထမ်းဆောင်နေတဲ့သူများဖြစ်ပါတယ်။ တချို့သောစစ်သည်များဟာ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အကြောင်းအမျိုးမျိုးကြောင့် နယ်ဘက်နဲ့ စစ်ဘက်တရားရုံးများမှာ စစ်ဆေးခံရပြီး အကျဉ်းထောင်များတွင် အကျဉ်းကျနေသူများလည်းရှိပါတယ်။ ၁၆-၅-၂၀၁၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်အမှတ် ၂၈/၂၀၁၁ ဖြင့် ပြစ်ဒဏ်ခံရသူ ၁၄၇၅၈ ဦးလွတ်မြောက်ခဲ့ပြီး၊ သေဒဏ် ၆၅၇ ဦးဟာလည်း သေဒဏ်မှလွတ်မြောက်ပြီးတော့ ထောင်ဒဏ်အဖြစ်ပြောင်းလဲ ကျခံခဲ့ရတာတွေ့ပါတယ်။ အဲဒီထဲမှာလည်း ကျွန်တော်တို့ရဲ့လုပ်ဖော်ကိုင်ဖက် စစ်သည်များလည်း ပါဝင်ခဲ့တာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အရင်ကလို လွတ်ငြိမ်းချမ်းသာခွင့် များပေးခဲ့သည့်နည်းတူ ထိုက်သင့်သောအချိန်အခါတွင် ထပ်မံပြီးအမိန့်များဆက်လက်ထုတ်ပြန် ပေးနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ လေးစားစွာဖြင့်တင်ပြလိုပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၃၀။**

**ဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၁၈၈၄၁ ဗိုလ်မှူးကြီး တင့်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အထွေထွေလွတ်ငြိမ်း ချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးတင်ပြရရင် အကြောင်းအမျိုးမျိုးကြောင့်အကျဉ်းကျခံနေရသူများထဲမှာ တစ်ချိန်ကကျွန်တော်တို့နဲ့အတူ လက်တွဲပြီးတော့ အသက်ကိုပဓာနမထားပဲ တိုင်းပြည်တာဝန်ကိုထမ်းဆောင်ခဲ့သူ တပ်မတော်သား ရဲဘော်ရဲဘက်များလည်း ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ၎င်းတို့အနေနဲ့ တာဝန်ထမ်းဆောင်စဉ်

ကာလမှာမွန်မြတ်တဲ့စေတနာဖြင့် တိုင်းပြည်အတွက်အသက်နှင့်ခန္ဓာကိုရင်းပြီးတော့ စွန့်စွန့်စားစား ရဲရဲဝံ့ဝံ့တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်တာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၎င်းတို့ရဲ့ တာဝန်ထမ်းဆောင်ခဲ့မှုများအပေါ် ငဲ့ညှာသောအားဖြင့် ယခင်ကလည်း လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ထုတ်ပြန်ပေးခဲ့သည့်နည်းတူ ထိုက်သင့်သည့်အချိန်အခါတွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးကို ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးက ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနဲ့စပ်လျဉ်းတဲ့၊ တင်သွင်းတဲ့အဆိုအပေါ်ကို ဆွေးနွေးကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များကို နားလည်သဘောပေါက်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဝင်တစ်ဦး ဖြစ်ပါတယ်။ ယခုအဆိုနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကဆုံးဖြတ်မယ့် အဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတကြီးထံကို အမြန်ဆုံးတင်ပြပေးသွားမှာဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့ပတ်သက်၍ မဲခွဲရန်မလိုတဲ့အဆိုဖြစ်ပါတယ်။ ခုနက ကျွန်တော်တင်ပြ ခဲ့သလိုတော်တော်များများသောလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အပါအဝင် လွတ်ငြိမ်းချမ်းသာခွင့်များဆက်လက်ထုတ်ပေးဖို့အဆိုမဟုတ်ဘဲနဲ့ တင်ပြချက်များလည်း များစွာရရှိထားပြီးဖြစ်ပါတယ်။ အခုဆွေးနွေးတဲ့အခါမှာလည်း အားလုံးကြားသိပြီးဖြစ်တဲ့အတိုင်း

လွှတ်ငြိမ်းချမ်းသာခွင့်များကို ဆက်လက်ထုတ်ပေးဖို့ တင်ပြကြတဲ့သူများစွာလည်းရှိနေပြီးဖြစ်ပါတယ်။ ယမန်နေ့က ဦးသိန်းညွန့် တင်ပြချက်ထဲမှာ ကျွန်တော့်ကို နာမည်ပြောပြီးတော့ တင်ပြသွားတာရှိပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဝင်လည်းဖြစ်ပါတယ်။ မှန်ပါတယ်။ ကျွန်တော်က အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဝင် ဖြစ်သလို ပြည်သူ့လွှတ်တော်ရဲ့ ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ကျွန်တော်ဟာ ပြည်သူရဲ့ ကိုယ်စားလှယ်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်အပါအဝင် ကျန်တဲ့လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ မပြောမီကပင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်တစ်ယောက်အနေနဲ့ကော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ပါ လွှတ်ငြိမ်း ချမ်းသာခွင့်အမိန့်များကို အချိန်အခါပေါ်ကြည့်ပြီးတော့ ဆက်လက်ထုတ်ပြန်ပေးဖို့ အမျိုးသား ကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီကိုလည်းတင်ပြထားပါတယ်။ သမ္မတကြီးကိုလည်း သီးခြားတင်ပြ ထားတာရှိပါတယ်။ ဒါ့အပြင် ဤအစည်းအဝေးတွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကလည်း အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်များကို သင့်မြတ်သောအချိန်တွင် ဆက်လက်ထုတ်ပြန်ပေးရန် တင်ပြကြတာကို တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်များရဲ့ တင်ပြချက်ဟာ ပြည်သူများရဲ့ဆန္ဒဖြစ်တာကြောင့် ဒီတင်ပြချက်ဟာ မဲခွဲဆုံးဖြတ် ရန်မလိုသော်လည်း လွှတ်တော်ရဲ့ လုပ်ထုံးလုပ်နည်းများအရ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်များကို သင့်မြတ်သောအချိန်တွင် ဆက်လက်ထုတ်ပြန်စေရေး အတွက် နိုင်ငံတော်သမ္မတအား မေတ္တာရပ်ခံပါကြောင်းတင်ပြချက်နဲ့ ပတ်သက်ပြီးတော့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်မှသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အမိန့်များကို သင့်မြတ်သောအချိန်တွင် ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား မေတ္တာရပ်ခံကြောင်း လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီအဖွဲ့ဝင်ဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မိမိတို့လွှတ်တော်ရဲ့ဆန္ဒမည်ကဲ့သို့ရှိပါကြောင်း သမ္မတကြီးအား အမြန်ဆုံး တင်ပြပေးဖို့နဲ့ လွှတ်တော်က ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထဲရေးဝန်ကြီးအား ကူညီဆောင်ရွက် ပေးဖို့မေတ္တာရပ်ခံကြောင်း ထပ်လောင်းပြောချင်ပါတယ်။ ဒီနေ့ဆွေးနွေးမှုများနဲ့ ဆက်စပ်ပြီးပြောရရင် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွေနဲ့ ဒီတစ်ကြိမ်လုပ်တဲ့ ဒုတိယအကြိမ်

အစည်းအဝေးတွေမှာ ဆွေးနွေးမှုများဟာ အင်မတန်မှကောင်းပါတယ်။ သို့ရာတွင် ကျွန်တော်တို့ သတိပြုရမယ့်ကိစ္စလေးတွ တော့ရှိပါတယ်။ ဒီနေ့ဆိုလို့ရှိရင် မလိုအပ်တဲ့အကြောင်းအရာ၊ မလိုအပ်တဲ့ စကားလုံးများပြောကြားခြင်းအားဖြင့် တစ်ဦးပေါ်တစ်ဦးနားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများ ပျက်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ဆွေးနွေးမယ့် ဆွေးနွေးမှုများမှာ အဓိကကျတဲ့၊ အနှစ်သာရရှိတဲ့ စကားများကို အခြေခံဆွေးနွေးကြပါ။ မလိုအပ်တဲ့ အကြောင်းအရာတွေ မလိုအပ်တဲ့စကားအသုံးအနှုန်းတွေ ဒီမှာဆွေးနွေးခြင်းအားဖြင့် ကျွန်တော်တို့ မကြာခဏပြောနေကြတဲ့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲတွေကင်းပြီး၊ အများအကျိုးအတွက်၊ တိုင်းပြည်အကျိုး အတွက် လုပ်ကြရအောင်ဆိုတဲ့ ကျွန်တော်တို့ရဲ့ကောင်းမွန်လှတဲ့ စေတနာတွေ၊ ရည်ရွယ်ချက်တွေ မပျက်စီးစေလိုပါဘူး။

ဒါကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အလေးအနက်ထားချင့်ချိန်ပြောဆိုသွားဖို့လို ပါတယ်။ လွှတ်တော်တစ်ရပ်ကျင်းပတဲ့နေရာမှာ မလိုအပ်တဲ့ကြန့်ကြာမှု၊ နှောင့်နှေးမှုများ ပြုခြင်းအားဖြင့် လွှတ်တော်ရဲ့လုပ်ငန်းစဉ်များလည်းထိခိုက်ပါတယ်။ ဒီလိုစုံညီလွှတ်တော်အစည်းအဝေး တစ်ခုပြုလုပ်ဖို့ဆိုတဲ့နေရာမှာ ကိုယ်စားလှယ်များရဲ့ အချိန်တွေ၊ လုပ်အားတွေအများကြီးထည့်ရသလို နိုင်ငံတော်ဘက်ကကျခံသုံးစွဲရတဲ့ ငွေကြေးတွေ၊ ပစ္စည်းတွေများစွာရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကျင်းပတဲ့အချိန်မှာ ထိထိရောက်ရောက်နဲ့ မြန်မြန်ဆန်ဆန်ဖြစ်သွားဖို့လိုပါတယ်။ ပြန်တွက်ကြည့်ပါ၊ တစ်ရက်တစ်ရက်ကို ကုန်ကျမယ့်စရိတ်တွေဟာ နိုင်ငံတော်ငွေတွေပါ။ အစိုးရငွေ မဟုတ်ပါဘူး။ နိုင်ငံတော်နဲ့အစိုးရလည်း တခြားစီပါ။ ဒီထက်ပိုပြောမယ်ဆိုရင် ပြည်သူ့ငွေတွေပါ။ ပြည်သူ့ငွေတွေကို ကျွန်တော်တို့ ဖြုန်းတီးရာမရောက်အောင် လွှတ်တော်ကျင်းပတဲ့အခါမှာလည်း လိုတဲ့စကားပြော၊ မလိုအပ်တဲ့စကားတွေမပြောနဲ့ အကြောင်းအရာအားဖြင့်ကော၊ စကားလုံးအားဖြင့်ကော အကြောင်းအရာအတွက် ငြင်းခုံရတာတွေ၊ ပြဿနာတွေရှိသလိုပဲ ဒီစကားလုံးတစ်လုံးအတွက် ငြင်းခုံပြောဆိုရပြီးတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုတွေ၊ ခင်မင်မှုတွေ၊ လေးစားမှုတွေ ပျက်ယွင်းသွားမယ်ဆိုလို့ရှိရင် ခင်ဗျားတို့၊ ကျွန်တော်တို့လိုချင်တယ်ဆိုတဲ့ လွှတ်တော်ကြီးခိုင်မာ တောင့်တင်းဖို့၊ အရည်အချင်းရှိဖို့၊ ခိုင်မြဲဖို့ဆိုတဲ့နေရာမှာ သွားပြီးတော့လျော့ပါးသွားနိုင်ပါတယ်။ လွှတ်တော်မရှိဘူးဆိုရင်၊ လွှတ်တော်မခိုင်မာဘူးဆိုရင် ပြည်သူ့အာဏာစိုးပိုင်မှုမရှိဘူးဆိုတဲ့ဟာကို အားလုံးသောလွှတ်တော်ကိုယ်စားလှယ်များက နားလည်ဖို့လိုပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့တွေကို ပြည်သူတွေကယုံကြည်လို့အပ်နှင်းထားတဲ့ အခွင့်အရေးတွေကို အလွဲသုံးစား မလုပ်မိဖို့လည်းလိုပါတယ်။ ကျွန်တော်တို့လုပ်ရမယ့်အလုပ်က ပြည်သူ့အတွက်၊ နိုင်ငံတော်အတွက်၊

အများပြည်သူအတွက်၊ ပြည်ထောင်စုအတွက် ဒီကိစ္စမှတစ်ပါး လွှတ်တော်ကိုယ်စားလှယ်တွေ အခြားဒီလွှတ်တော်အတွင်းမှာ လုပ်စရာအကြောင်းမရှိဘူးဆိုတာကိုလည်း ဒီကနေ့ ထပ်လောင်းပြီးတော့တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ရှေ့ဆက်သွားတဲ့ခရီးမှာ ခုနကျွန်တော်ပြောခဲ့တဲ့ မလိုလားအပ်တဲ့ အကြောင်းအရာများနဲ့ မလိုလားအပ်သော စကားအသုံးအနှုန်းများကို လွှတ်တော်အတွင်း သယ်ဆောင်လာခြင်းအားဖြင့် နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှု၊ ဒီထက်ပြောရမယ်ဆိုရင် စည်းလုံးညီညွတ်မှု ပျက်ပြားစေတဲ့ဟာတွေမဖြစ်ဖို့ အားလုံးသတိရှိဆောင်ရွက်သွားဖို့လိုကြောင်းတင်ပြလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး ပဥ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ တနင်္လာနေ့ ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၃း၁၄ နာရီ အချိန်တွင် ရပ်နားပါသည်။]